# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၄၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

# ဒေသအသီးသီးရှိ အလားအလာကောင်းသည့် ကုန်ကြမ်းများ၊ လယ်ယာ၊ သား၊ ငါး ထွက်ကုန်များကို နည်းပညာစက်ပစ္စည်းအကူအညီဖြင့် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်ပေါ်ရေး၊ တန်ဖိုးကွင်းဆက်မြှင့်တင်နိုင်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး နိုင်ငံ့ GDP ကို မြှင့်တင်ရေး ဆောင်ရွက်ကြရမည်

နေပြည်တော် နိုဝင်ဘာ ၁၅

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၂) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍



**ယနေ့** *ဖတ်စရာ*

**အမျိုးသားအောင်ပွဲနေ့နှင့် လူငယ်တို့၏ အမျိုးသားရေးတာဝန်** ဆောင်းပါး စာ - ၁၀








**အလေ့အထမှသည် ဝါသနာ၊ ဝါသနာမှသည် ကောင်းသောစရိုက်သို့** ဆောင်းပါး စာ - ၁၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

# လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အကျိုးမပြုနိုင်သည့်ကြေညာချက်

လူကုန်ကူးမှုနှင့်ပတ်သက်၍ နိုင်ငံခြားအစိုးရများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အမေရိကန်သမ္မတ၏ အဆုံးအဖြတ်ကြေညာချက် အမှတ် ၂၀၂၃-၀၂ ကို အမေရိကန်သမ္မတအိမ်ဖြူတော်က ပြီးခဲ့သည့် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်တွင် အမေရိကန်လွှတ်တော်က ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဥပဒေပါ အနိမ့်ဆုံးစံနှုန်းများအတိုင်း သို့မဟုတ် စံနှုန်းများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းအားထုတ်မှု အနည်းဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံကို ထည့်သွင်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် "၂၀၂၂ ခုနှစ်အတွက် လူကုန်ကူးမှုအစီရင်ခံစာ"တွင်လည်း မြန်မာနိုင်ငံကို လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အနိမ့်ဆုံးစံချိန်စံနှုန်းများကိုပင် ပြည့်မီခြင်းမရှိဘဲ အထူးကြိုးပမ်းမှုမရှိသည့် နိုင်ငံများစာရင်း– TIER(3) တွင် အပြောင်းအလဲမရှိ ဆက်လက်ဖော်ပြထားခဲ့ရာ အိမ်ဖြူတော်၏ ကြေညာချက်က ၎င်းအတိုင်းဆက်လက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး မြန်မာအပါအဝင် အာဖဂန်နစ္စတန်၊ ဂီနီဘစ်ဆော၊ အီရန်၊ တရုတ်နှင့် တောင်ဆူဒန် တို့ကို အမေရိကန်က ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ကုန်သွယ်ရေးဆိုင်ရာမဟုတ်သော အကူအညီများကို ပေးအပ်မည်မဟုတ်ကြောင်းလည်း ဖော်ပြထားသည်။

လူကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားနေပြီး လူကုန်ကူးဂိုဏ်းများ၏ နှစ်စဉ်ဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာရှိသည်။ လူကုန်ကူးမှုတွင် မူရင်းနိုင်ငံ (Source Country) တစ်ခုတည်းနှင့်သာ ဖြေရှင်း၍မရဘဲ ဆိုက်ရောက်နိုင်ငံ (Destination Country)ကပါ ဟန်ချက်ညီညီ ဖြေရှင်းနိုင်ဖို့လိုသည်။ လူကုန်ကူးရာတွင် အဓိကအားဖြင့် လုပ်အားကို ခေါင်းပုံဖြတ်ရန်နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန်ဟူသော ရည်ရွယ်ချက်နှစ်ရပ်ရှိကြပြီး မူရင်းနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု၊ နိုင်ငံရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခများဖြစ်ပွားမှု၊ အလုပ်အကိုင်နှင့်အခွင့်အလမ်းများ ကင်းမဲ့နေမှု စသည်တို့ကြောင့် ဘဝရပ်တည်ရန်ခက်ခဲလာသူများကို ပစ်မှတ်ထားကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည်နှင့်အမျှ လူကုန်ကူးမှု၏ ဆိုးကျိုးများကို ပိုမိုခံစားရသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားပြီး (၅)နှစ်စီမံကိန်းများ ရေးဆွဲ၍ နှစ်အလိုက်လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ လူကုန်ကူးမှု ပပျောက်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းရာတွင် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိုင်အန်ဂျီအို၊ အန်ဂျီအိုများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ တစ်ဖက်တွင်လည်း လူကုန်ကူးမှုများ၏ သဘောသဘာဝပြောင်းလဲမှုများနှင့် စိန်ခေါ်မှုအသစ်များလည်း ဖြစ်ပေါ်လာသည်။ ကိုဗစ်–၁၉ နှင့် ပြည်တွင်းရှိဒေသအချို့တွင် မငြိမ်မသက်မှုများက စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေးတို့အပေါ် အကျိုးသက်ရောက်ဖြစ်ပေါ်ခြင်းနှင့်အတူ လူကုန်ကူးမှုဆီသို့ တွန်းအားပေးမှုများရှိလာမည်ဖြစ်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို ပိုမို၍ အာရုံစိုက် ကြိုးပမ်းရမည့်အခြေအနေဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဟု အမည်ခံကာ အချုပ်အခြာအာဏာပိုင် နိုင်ငံများကို အမည်တပ်၍ စာရင်းပြုလုပ်ဖော်ပြနေခြင်းသည် နိုင်ငံများအပေါ် အဆင့်အတန်းခွဲခြားမှု သက်သက်သာဖြစ်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးသည် ပူးပေါင်းဆောင်ရွက်ရမည့် အရေးသာဖြစ်ပြီး ဖြတ်တောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ဆို့ခြင်းကဲ့သို့သော နည်းလမ်းများက ပြောင်းပြန်အကျိုးသက်ရောက်မှုသို့သာ ဦးတည်နိုင်စေမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။
★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။
★ အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။
★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

( ၁၇ - ၁၁ - ၂၀၂၂ )

## သံအမတ်ကြီး ဦးတင်ယု ကာတာနိုင်ငံအကြီးအကဲထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကာတာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကာတာနိုင်ငံ၊ ဒိုဟာနန်းတော်၌ ကာတာနိုင်ငံအကြီးအကဲ ရှိတ်တမင်း(မ်) ဘင် ဟမက် အယ်တာနီ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

## (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာစပ်ပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲများကျင်းပ

**သာပေါင်း နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို မြို့နယ်အဆင့် အထက်တန်းဆင့်၊ အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာစပ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ယနေ့ နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (သာပေါင်း) မြရတနာဆောင်၌ ကျင်းပသည်။

အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားရေးနှင့် ကျောင်းသားတို့၏တာဝန်" ခေါင်းစဉ်ဖြင့် အထက်တန်းကျောင်းသူ ခြောက်ဦး၊ အလယ်တန်းကျောင်းသူ ခြောက်ဦး၊ အထက်တန်းဆင့် ကဗျာစပ်ပြိုင်ပွဲတွင် "အမျိုးသား ဇာတိမာန် ရှင်သန်ထက်မြက်ရေး"၊ "အမျိုးသားအောင်ပွဲနေ့ ဆင်နွှဲစို့"၊ အလယ်တန်းဆင့်တွင် "အမျိုးသားနေ့ ဒို့မမေ့" ခေါင်းစဉ်ဖြင့် အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

## မြိုင်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြိုင် နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့၌ ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျရောက်မည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖြန့်ဝေခဲ့သည်။

ထိုသို့ဖြန့်ဝေရာတွင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ဗိုလ်ချုပ်အောင်ဆန်း၏ ဖဆပလပြည်လုံးကျွတ်ညီလာခံကြီးတွင် တင်သွင်းသော ညီညွတ်ရေးအဆိုမှ ကောက်နုတ်ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်၊ ဘိုမျိုး(ရွှေဘို)၏ "သူ့ကျွန်မခံ အမျိုးသားအားမာန်"ကဗျာ၊ (၁၀၂)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ ပညာရေးမျှော်မှန်းချက်များ ပါရှိသည့် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေကြောင်း သိရသည်။



**မယ်ခွေ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ စက်မှုဝန်ကြီးဌာန၊ မူဝါဒနှင့် ပြည်ပရေးရာဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြခန်းများကို ကြည့်ရှုစဉ်။

❍ ရွှေ့ဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါ စီးပွားရေးအရ၊ လူမှုရေးအရ တိုက်ရိုက်အကျိုးသက်ရောက်မှုကို ခံစားခဲ့ရကြောင်း၊ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးသည် အဆိုးရွားဆုံးအခြေအနေသို့ ကျရောက်ခဲ့သကဲ့သို့ တစ်ဦးချင်းဝင်ငွေများလည်း ကျဆင်းသွားခဲ့ကြောင်း၊ လူသန်းပေါင်းများစွာသည် အလွန်ဆင်းရဲသည့်အခြေအနေသို့ ကျရောက်ခဲ့ရကြောင်း၊ အဆိုးရွားဆုံးထိခိုက်ခဲ့သည်မှာ ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူသုံးကုန်ပစ္စည်း တင်ပို့မှုနှင့် ပြင်ပဘဏ္ဍာငွေကိစ္စရပ်များ ထိခိုက်နစ်နာမှုအကြီးမားဆုံးဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများ ရပ်နားရခြင်း၊ အနည်းဆုံးနှင့်အကျဉ်းဆုံး လုပ်ငန်းပြန်စနေရခြင်းစသည့် အကန့်အသတ်များကြောင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကိုလည်း ထိခိုက်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် အခြားနိုင်ငံများနှင့်အတူ ခံစားခဲ့ရကြောင်း၊ အထူးသဖြင့် ငွေကြေး အရင်းအနှီးအားနည်းသည့် MSME လုပ်ငန်းများ ပိုမိုထိခိုက်ခံစားခဲ့ရပြီး ယခုအချိန်တွင် နိုင်ငံတော်က ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ချေးငွေများထုတ်ချေးထားပြီး ချေးငွေကာလကိုလည်း သက်တမ်းထပ်မံတိုးမြှင့်ပေးထားကြောင်း၊ နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းသည် MSME လုပ်ငန်းများဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အဓိက မောင်းနှင်အားလည်းဖြစ်ကြောင်း။

## ဝိုင်းဝန်းကြိုးပမ်းကြရန်လို

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ SME Member Card ထုတ်ပေးထားသည့်လုပ်ငန်းပေါင်း ၄၀၉၂၉ ခုရှိပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအနက် အသေးစားနှင့် အလတ်စားလုပ်ငန်း သတ်မှတ်ချက်ဖြင့် ကိုက်ညီသောလုပ်ငန်းများသည်လည်း ၄၅၀၀၀ ကျော် ရှိကြောင်း၊ ထို့ပြင် အခြားဝန်ကြီးဌာန ၁၃ ခုရှိ ဦးစီးဌာနများ၌ မှတ်ပုံတင်ထားသည့် လုပ်ငန်း ၂၅၃၀၀၀ ကျော် ရှိသည်ကို စာရင်းများအရ သိရကြောင်း၊ မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် MSME များ၏အခန်းကဏ္ဍသည် များစွာ အရေးကြီးကြောင်း၊ မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဆက်လက်ရှင်သန်နေရန်နှင့် လုပ်ငန်းများ လည်ပတ်နေရန် အထူးလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏အားသာချက်အပေါ် အခြေခံပြီး အသုံးချတတ်မည်ဆိုပါက အခွင့်အလမ်းကောင်းများ ရရှိလာနိုင်ကြောင်း၊ အခွင့်အလမ်းအနေဖြင့် တစ်ကမ္ဘာလုံးတွင် စားသောက်ကုန်ဆိုင်ရာထုတ်ကုန်များ လိုအပ်နေသည့်အတွက် နည်းပညာကောင်းများသုံးစွဲပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်သည့် ထုတ်ကုန်များထုတ်လုပ်လာနိုင်ရေး၊ ကမ္ဘာ့တန်ဖိုးမြှင့်ကွင်းဆက်နှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းထုတ်လုပ်မှု ကွန်ရက်များသို့ ဝင်ရောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း။

❖ **မိမိတို့ လုပ်ငန်းကော်မတီအဖွဲ့ဝင်တိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး MSME ဗဟိုကော်မတီနှင့် MSME လုပ်ငန်းရှင်များအား အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များအပေါ် ပေးထားသည့် လုပ်ငန်းတာဝန်များကြားမှ အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်ကြရမည်**

❖ **နိုင်ငံတော်၏ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည့်ကော်မတီဖြစ်၍လည်း တာဝန်ဝတ္တရားများ ကြီးမားသကဲ့သို့ အဆိုပါ တာဝန်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေးအတွက်လည်း လုပ်ငန်းကော်မတီဝင်အားလုံးမှ တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်**

ကပ်ရောဂါကြောင့် စားသုံးသူများ၏ အပြုအမူနှင့် လိုအပ်ချက်များလည်း ပြောင်းလဲလာသည့်အတွက် MSME များအနေဖြင့် ဈေးကွက်သုတေသနရလဒ်များကို လေ့လာဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာကို မဖြစ်မနေသုံးစွဲနိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊ သို့သော် MSME များအနေဖြင့် လက်ရှိအချိန်ထိ ဒစ်ဂျစ်တယ်နည်းပညာကို ထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်မြှင့်တင်ရေးအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်နေရာများတွင် ကျွမ်းကျင်စွာ သုံးစွဲရန်ခက်ခဲနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် MSME များ အခွင့်အရေးများလက်ဝယ်ရရှိနိုင်ရန်နှင့် စိန်ခေါ်မှုများကို အတူတကွ ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## E-Government စနစ်တွင် အလိုအလျောက်ပါဝင်

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်၍ e-ID စနစ်မှစ၍ E- Government အထိ သွားရောက်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစနစ်များပြီးစီးသည့်အချိန်တွင် MSME လုပ်ငန်းများ၏ ဈေးကွက်သုတေသနလုပ်ငန်း၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့်ဆောင်ရွက်ရသည့်လုပ်ငန်း၊ ထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်မြှင့်တင်ရေးနှင့် ရှာဖွေရေးအပိုင်း၊ ကုန်သွယ်ငွေလွှဲမှု အပိုင်းများသည် အစိုးရမှ လက်ရှိဆောင်ရွက်နေသည့် E-Government စနစ်တွင် အလိုအလျောက်ပါဝင်သွားမည်ဖြစ်ကြောင်း။

## အထောက်အပံ့အားလုံးကို ရယူခံစားခွင့်ရှိ

မိမိတို့အနေဖြင့် MSME အေဂျင်စီဖွဲ့စည်းပြီး လိုအပ်သည့် လုပ်ထုံးလုပ်နည်းများအားလုံး ပြီးစီးချိန်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသည့် MSME လုပ်ငန်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် Online မှ မှတ်ပုံတင်ပေးနိုင်ရေး အေဂျင်စီများကလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင်လည်း အေဂျင်စီများနှင့် ပတ်သက်၍ တရားဝင်ဖွဲ့စည်းဆောင်ရွက်သွားရန် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဒစ်ဂျစ်တယ်နည်းပညာဖြင့် မိမိတို့လုပ်ငန်းများကို မှတ်ပုံတင်ထားမှသာလျှင် နိုင်ငံတော်ကပံ့ပိုးပေးမည့် ငွေကြေးအရင်းအနှီးနှင့် အခွန်အခ သက်သာခွင့်အပါအဝင် အထောက်အပံ့အားလုံးကို ရယူခံစားခွင့်ရှိမည်ဖြစ်ကြောင်း။

ထို့ပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားသွားသကဲ့သို့ MSME လုပ်ငန်းများအတွက် အဓိကကျသော လိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ ကျွမ်းကျင်လုပ်သား၊ အရင်းအနှီးစသည့် အချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းသွားရန်လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်များအတွင်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် လုပ်ငန်းရှင်များ၏ တင်ပြချက်များအနေဖြင့် ကဏ္ဍ ၇ ခုတွင် စုစုပေါင်း ၉၅ ချက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါတင်ပြချက်များကို တစ်ချက်ချင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## ကျစ်လျစ်စွာ ဖွဲ့စည်းထားခြင်းဖြစ်

မိမိတို့လုပ်ငန်းကော်မတီသည် MSME ဗဟိုကော်မတီမှချမှတ်သည့် မူဝါဒများနှင့် MSME လုပ်ငန်းလုပ်ကိုင်သူများအကြား ပေါင်းကူးသဖွယ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ လုပ်ငန်းရှင်များ၏ လက်တွေ့လိုအပ်ချက်၊ အခက်အခဲ၊ လိုအပ်သည့်အကြံဉာဏ် နည်းပညာပေးခြင်း၊ လက်ခံခြင်း၊ ဖြည့်ဆည်းပေးခြင်း စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးရမည့် ကော်မတီတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း ဝန်ကြီးဌာနအများစုအပါအဝင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့မှ တာဝန်ရှိသူတို့ဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအဖွဲ့ဝင်တိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး MSME ဗဟိုကော်မတီနှင့် MSME လုပ်ငန်းရှင်များအား အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များအပေါ် ပေးထားသည့် လုပ်ငန်းတာဝန်များကြားမှ အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်ကြရမည့်ကော်မတီဖြစ်၍လည်း တာဝန်ဝတ္တရားများကြီးမားသကဲ့သို့ အဆိုပါတာဝန်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေးအတွက်လည်း လုပ်ငန်းကော်မတီဝင်အားလုံးမှ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံ့ GDP ကို မြှင့်တင်ရေးဆောင်ရွက်**

ထို့ပြင် ဒေသဆိုင်ရာ အေဂျင်စီများအနေဖြင့် လစဉ်လုပ်ငန်း ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ ပေးပို့တင်ပြသွားရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ဒေသအသီးသီးရှိ အလားအလာကောင်းသည့် ကုန်ကြမ်းများ၊ လယ်ယာ၊ သား၊ ငါး ထွက်ကုန်များကို နည်းပညာ စက်ပစ္စည်းအကူအညီဖြင့် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်ပေါ်ရေး၊ တန်ဖိုးကွင်းဆက် မြှင့်တင်နိုင်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး နိုင်ငံ့ GDP ကို မြှင့်တင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာအမှာစာများကို ဖတ်ကြား**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က သက်ဆိုင်ရာ အမှာစာများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုချက်ရယူနိုင်ရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ပြခန်းများကိုကြည့်ရှု**

ထို့နောက် စက်မှုဝန်ကြီးဌာန၊ မူဝါဒနှင့်ပြည်ပရေးရာဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြခန်းများကို ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

**နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း အမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)





**အသိအမှတ်ပြုလက်မှတ်**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ဥပဒေပညာလေ့လာပြီး ဥပဒေဒီပလိုမာဘွဲ့ သို့မဟုတ် ဥပဒေရေးရာကျွမ်းကျင်ကြောင်း အသိအမှတ်ပြုလက်မှတ် တစ်ခုခုရရှိရေးအတွက် ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

**သင်ကြားပို့ချပေးမည်**

ယခုသင်တန်းတွင် နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအနေဖြင့် သိသင့်သိထိုက်သည့် ဥပဒေရေးရာ ကိစ္စရပ်များဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဥပဒေရေးဆွဲခြင်း၊ စီးပွားရေး စာချုပ်စာတမ်းများ စိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေများ လက်တွေ့အသုံးချမှု၊ ပြစ်မှုဆိုင်ရာနှင့် အထူးဥပဒေများ လက်တွေ့အသုံးချမှု၊ တရားမဆိုင်ရာ ကိစ္စများ၊ အထွေထွေဥပဒေအကြံပေးရေးဆိုင်ရာကိစ္စများကို သင်ကြားပို့ချပေးမည် ဖြစ်ပါကြောင်း၊ သင်တန်း ပြီးမြောက်အောင် တက်ရောက်ခဲ့သည့် သင်တန်းသားများကိုလည်း ဥပဒေရေးရာကျွမ်းကျင်ကြောင်း အသိအမှတ်ပြုလက်မှတ် (Certificate) များ ပေးအပ်ချီးမြှင့်မည် ဖြစ်ပါကြောင်း၊ ဥပဒေသင်တန်းကျောင်း ဖွင့်လှစ်ပြီးပါက ဥပဒေဒီပလိုမာဘွဲ့ ပေးအပ်ချီးမြှင့်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**လက်တွေ့ အသုံးချ**

ယခင် ဖွင့်လှစ်ခဲ့သည့် သင်တန်း အမှတ်စဉ် (၁) ၏ အားနည်းချက်၊ အားသာချက်များကို စိစစ်ပြုပြင်ပြီး ယခုသင်တန်းကို ထပ်မံဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရက်သတ္တကိုးပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများ၏ သင်တန်း တက်ရောက်ပြီးစီးမှုအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြမည် ဖြစ်ပါကြောင်း၊ သင်တန်း တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများသည် ဤသင်တန်းမှ သင်ကြားပို့ချပေးသည့် ဥပဒေပညာရပ်များကို မိမိတို့လုပ်ငန်းခွင်နှင့် နိုင်ငံတော်အတွက် လက်တွေ့အသုံးချ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမျိုးမြင့်ဦး၊ ဒေါက်တာသွေးအောင်၊ ဦးစောထွန်းအောင်မြင့်၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး အဖွဲ့ဝင် ဦးကျော်ဆန်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်ဒေါ်ခင်ချိုအုန်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဦးကျော်စိန်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

**၃၅ ဦး တက်ရောက်**

သင်တန်းတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ဝန်ကြီးဌာနများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးအဆင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သီးထပ်စွမ်းအားမြင့်မားရေးအတွက် ဆောင်းသီးနှံ၊ နွေသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေး

လယ်ဝေး နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အေလာ KC ခန်းမ၌ သီးထပ်စွမ်းအား မြင့်မားရေးအတွက် ဆောင်းသီးနှံ၊ နွေသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရန် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ကျေးလက်နေ တောင်သူအများစုမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ ဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ပါက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ အတွင်း ရာသီအလိုက် သီးနှံစုံစိုက်ပျိုးနိုင်သည့် အခွင့်အလမ်းများ ရှိနေကြောင်း၊ ယခုနှစ် မိုးရွာသွန်းမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက နည်းပါးသဖြင့် ဆည်၊ ကန်များတွင် ရေနည်းပါးလျက်ရှိကြောင်း၊ သို့သော် ပေါင်းလောင်းဆည်မှာ ရေသိုလှောင်ထားရှိမှု ပမာဏ အပြည့်ရှိကြောင်း၊ ထို့ကြောင့် နွေသီးနှံ စိုက်ပျိုးရာသီတွင် လျာထားချက်အတိုင်း စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိစိုက်ပျိုးမည့် သီးနှံများအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်စေလိုကြောင်းနှင့် ဆောင်းသီးနှံနှင့် နွေစပါး စိုက်ပျိုးရေးကာလတွင် သီးနှံစိုက်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် သီးထပ် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ တောင်သူများ အနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက သီးထပ်စွမ်းအား မြင့်မားရေးအတွက် ဆောင်းသီးနှံ၊ နွေသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နွေသီးနှံတိုးချဲ့စိုက်ပျိုးမှုအပေါ် ရေပေးဝေမည့် အခြေအနေများ၊ စက်မှုလယ်ယာ ဝန်ဆောင်မှုပေးမည့် ကဏ္ဍများ၊ သီးနှံများ စိုက်ပျိုးရာတွင် အကျိုးတူ ဆောင်ရွက်မည့် အစီအစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့်လုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တောင်သူများက ထွန်ယက်ရေး၊ ဆည်မြောင်းများပြုပြင်ရေးနှင့် မျိုးကောင်းမျိုးသန့်များ ဝယ်ယူရေး စသည်တို့ကို ဆွေးနွေးတင်ပြကြပြီး နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေကြည်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## တစ်သက်တွင်တစ်ကြိမ်သာ ကြုံတွေ့ရမည့် နေ့ထူးနေ့မြတ် အခမ်းအနားကြီးဖြစ်သည့်အတွက် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်





**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ ဦးအောင်မြိုင်၊ ဦးဇော်ဝင်း၊ ဦးမျိုးလှိုင်နှင့် ဦးဇော်အေးမောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### နိုင်ငံတော်အဆင့် အခမ်းအနား

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ကို နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားသည့် အခမ်းအနားတစ်ခုအဖြစ် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားနှင့် ဆက်စပ်၍ အကြိုသီးသန့်ဂုဏ်ပြုအစီအစဉ်နှင့် ဆက်စပ်ဂုဏ်ပြုအစီအစဉ်များကိုလည်း ကျင်းပပြုလုပ်နေမှုရှိပါကြောင်း၊ တစ်သက်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် နေ့ထူးနေ့မြတ် ကြုံတောင့်ကြုံခဲ အခမ်းအနားကြီးဖြစ်သည့်အတွက် လစ်ဟင်းမှုမရှိစေရေး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းစီမံဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုယာဉ်များ ပြင်ဆင်ဆောင်ရွက်နေ

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီတွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်မည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ ပြင်ဆင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက စစ်ရေးပြအစီအစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်နေမှု၊ လေ့ကျင့်ရန် လျာထားသည့် အချိန်ဇယား၊ စစ်ရေးပြအစီအစဉ်၊ ကြာမြင့်ချိန်နှင့် လိုအပ်ချက်များ၊ ဖိတ်ကြားရန်လျာထားမှု၊ စာလုံးသရုပ်ဖော်လေ့ကျင့်ရန် လျာထားမှု၊ စာလုံးသရုပ်ဖော်မည့်အစီအစဉ်၊ လိုအပ်သည့် ကျောင်းသားအရေအတွက်၊ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်မည့်အစီအမံ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ဂုဏ်ပြုယာဉ်များပြင်ဆင်ဆောင်ရွက်နေမှု၊ တည်ဆောက်ရေးဆိုင်ရာ လျာထားမှု၊ ခွင့်ပြုချက်ရယူရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

### ဆုံးဖြတ်ချက်များကို အတည်ပြု

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီတွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာ- တရုတ် ခရီးသွား ဧည့်လမ်းညွှန်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

## တရုတ်ဘာသာစကားပြော ဧည့်လမ်းညွှန်များကို ဘာသာစကားစွမ်းရည်ကျွမ်းကျင်မှု အထောက်အပံ့ဖြစ်စေမည်



**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည် ပြေးဆွဲခွင့်ပြုခြင်းနှင့် ဗီဇာကင်းလွတ်ခွင့်များ ဆောင်ရွက်ပေးခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ နိုင်ငံပေါင်း ၉၀ ကျော်မှ ခရီးသွားဧည့်သည်များ လာရောက်ခဲ့ကြောင်း၊ ထို့ပြင် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ကို အာဆီယံ ရှစ်နိုင်ငံကို ခွင့်ပြုပေးခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်ကိုလည်း အီလက်ထရွန်နစ်စနစ်ဖြင့် ဗီဇာများ ခွင့်ပြုပေးလျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က ပြောသည်။

ယနေ့ နံနက်ပိုင်းက Hybrid စနစ်ဖြင့် အဆိုပါ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ- တရုတ် ခရီးသွားဧည့်လမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဗျူရိုနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၅၈ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က ယခုသင်တန်းမှာ တရုတ်ခရီးသွားဈေးကွက်အတွက် တရုတ်ဘာသာစကားပြော ဧည့်လမ်းညွှန်များကို ဘာသာစကားစွမ်းရည် ကျွမ်းကျင်မှုရှိပြီး ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တရုတ်ဘာသာစကား သင်တန်းများကို အွန်လိုင်း၊ အော့ဖ်လိုင်းစနစ်ဖြင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တရုတ်- မြန်မာ ချစ်ကြည်ရေး ပညာသင်ဆုများကို တက္ကသိုလ်နှင့် ကောလိပ်တို့မှ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဘာသာရပ်ကို လေ့လာသင်ယူနေကြသည့် ထူးချွန်ကျောင်းသား ၄၀ ကို ပေးအပ်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပူးပေါင်းပါဝင်ကူညီ ပံ့ပိုးပေးနေခြင်းကို အထူးကျေးဇူးတင်ရှိကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန နိုင်ငံတကာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဗျူရိုမှ First Level Inspector မစ္စတာ ကျန်ရှီးလုံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး မစ္စချောင်ကျင်းတို့က အမှာစကား ပြောကြားကြပြီး ရှန့်ဟိုင်ယုကီ ယဉ်ကျေးမှုခရီးသွားလုပ်ငန်း နည်းပညာဝန်ဆောင်မှုကုမ္ပဏီ ဒုတိယအထွေထွေမန်နေဂျာ မစ္စကောင်းဟာန်(န်)က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် အများဆုံးလာရောက်သော နိုင်ငံများထဲတွင် တရုတ်နိုင်ငံပါဝင်ခဲ့ပြီး ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့် အချိန်တွင်လည်း တရုတ်ခရီးသွားဧည့်သည်များ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးမိတ်မြို့တွင် (၁၀၂)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကျင်းပ

**မိုးမိတ် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် အခြေခံပညာကျောင်းများ၌ (၁၀၂) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းမှစတင်၍ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအလိုက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ အာလူး ကောက်ပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။(ယာပုံ)

**စည်သူဌေး**

**(ခရိုင်ပြန်/ဆက်)**



# ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြားတပ်ဆင်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

**ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးနှင့် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံများတွင် ရှေးဟောင်းအဆောက်အအုံကမ္ပည်းမော်ကွန်း ကြေးပြားတပ်ဆင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာအဆောက်အအုံများ၌ ကျင်းပသည်။**





ကမ္ပည်းမော်ကွန်း တပ်ဆင်ခြင်းအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၁ခုတွင် နှစ်တစ်ရာသက်တမ်းအထက်ရှိ အဆောက်အအုံပေါင်း ၂၀၈ လုံးကို ရှေးဟောင်းအဆောက်အအုံအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၁၂၄ လုံးကို သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ဥပဒေ၊ နည်းပဒေများဖြင့် ကာကွယ်စောင့်ရှောက်သည့်အပြင် ရှေးဟောင်း အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာများ မပျောက်မပျက်စေရေးနှင့် အဆိုပါရှေးဟောင်းအဆောက်အအုံများသည် ရှေးဟောင်းအဆောက်အအုံများဖြစ်ကြောင်း ထင်ရှားသိသာစေရန် ဖော်ပြထားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ရှေးဟောင်းအဆောက်အအုံများ၏ ပုံသဏ္ဌာန်၊ တည်ဆောက်ပုံနည်းစနစ်၊ မူလလက်ရာများ၏ တန်ဖိုးအခြေအနေများကို သိရှိပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်ကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းက ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က ရှေးဟောင်းအဆောက်အအုံများတွင် ကမ္ပည်းမော်ကွန်းတပ်ဆင်ရခြင်း ရည်ရွယ်ချက်တို့နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်လမ်းရှိ အမျိုးသား စာကြည့်တိုက် (ရန်ကုန်)၊ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးနှင့် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံ **(အပေါ်ပုံ)** တို့ရှိ ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် အဆောက်အအုံ သုံးလုံးကို လက်ရှိထိန်းသိမ်းစောင့်ရှောက်နေသည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အကောက်ခွန်ရုံး အဆောက်အအုံကမ္ပည်းကြေးပြား တပ်ဆင်အပြီးတွင် အကောက်ခွန်ရုံးအတွင်း ခင်းကျင်းပြသထားရှိသည့် အကောက်ခွန်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယနေ့ အမွေအနှစ်ကမ္ပည်းမော်ကွန်းကြေးပြားတပ်ဆင်သည့် အမျိုးသား စာကြည့်တိုက်သည် ၁၉၀၈ ခုနှစ်က ဗြိတိသျှရေနံစီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည့် ဘီအိုစီကုမ္ပဏီ၏ ရုံးစိုက်ရာအဆောက်အအုံဖြစ်ခဲ့၍ လွတ်လပ်ရေးရပြီးနောက် ၁၉၆၃ ခုနှစ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်ရာ ရုံးဌာနတစ်ခုဖြစ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမျိုးသား စာကြည့်တိုက်အဖြစ် ယနေ့တိုင် ဖွင့်လှစ်လျက်ရှိသည်။

ရှေးဟောင်းအဆောက်အအုံစာရင်းဝင်ဖြစ်သည့် အကောက်ခွန်ရုံးသည် ယခင် ၁၈၅၃ ခုနှစ်က တည်ဆောက်ခဲ့သည့် သစ်သားအဆောက်အအုံနေရာတွင် ယခုမြင်တွေ့နေရသည့် အဆောက်အအုံကို ၁၉၁၃ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ကာ ၁၉၁၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ မျက်နှာစာဘက်တွင် နာရီစင်ပါရှိသည့် မျှော်စင်အဆောင်နှင့် အလင်းနှင့် လေဝင်လေထွက်ကောင်းစေရန်လည်း ထည့်သွင်းတည်ဆောက် ထားကြောင်း တွေ့ရှိရသည်။

ဝန်ကြီးများ ရုံးဖြစ်သည့် အတွင်းဝန်ရုံးသည် ရှေးယခင်က မြင်းခင်းသဘင် ကျင်းပခဲ့သည့်နေရာဖြစ်ခဲ့ပြီး ယခုအဆောက်အအုံကို ၁၈၈၉ ခုနှစ်မှ စတင်ကာ ၁၉၀၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

နိုင်ငံ ခေါင်းဆောင်ကြီးများ နိုင်ငံ့အရေး ဆောင်ရွက်နေစဉ် လုပ်ကြံခံခဲ့ရသည့် သမိုင်းဝင်နေရာလည်း ဖြစ်သည့်အပြင် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာတို့၏ လွတ်လပ်ရေးကို ဦးဆုံးထုတ်ပြန် ကြေညာခဲ့ရာနေရာလည်းဖြစ်သည်။

ယနေ့ကမ္ပည်းမော်ကွန်းတပ်ဆင်ခဲ့သည့် ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံများသည် ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြောက်မြားစွာ တည်ရှိနေသည့်အတွက် ရှေးဟောင်းအဆောက်အအုံများ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များကို နောင်မျိုးဆက်သစ်များ တိုင်အောင် ရေရှည်တည်တံ့စေရန်အတွက် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင် ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။

**သတင်းစဉ်**

# ဆီးချိုရောဂါပညာပေး ကုသမှုဌာနများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ဆေးရုံကြီး လေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၂ ခုနှစ် "ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သင်ကြားရေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီးက ဆီးချိုသွေးချိုရောဂါကုသရေးတွင် အသုံးပြုသည့် အင်ဆူလင်ထိုးဆေးကို ရှာဖွေတွေ့ရှိခဲ့သည့် သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် Sir Frederick Banting ၏ မွေးနေ့ဖြစ်သည့် နိုဝင်ဘာ ၁၄ ရက်ကို "ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့" အဖြစ် သတ်မှတ်ကာ ၂၀၀၆ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်း အထိမ်းအမှတ်နေ့များကို ကျင်းပခြင်းဖြစ်ကြောင်း။

ယခု ၂၀၂၂ ခုနှစ်အတွက် အထိမ်းအမှတ်ဆောင်ပုဒ်မှာ 'Education to Protect Tomorrow' ဖြစ်ပြီး မြန်မာဘာသာဖြင့် "အနာဂတ်တွေ လုပဖို့ အသိပညာမြှင့်တင်လို့ ဆီးချိုရောဂါ ကာကွယ်စို့" ဖြစ်ပြီး အရည်အသွေးပြည့်ဝသော ဆီးချိုပညာပေးလုပ်ငန်းများကို ကျန်းမာရေးပညာရှင်များအနေဖြင့် ဆီးချိုဝေဒနာရှင်များအကြား ကျယ်ပြန့်အောင်မြင်အောင် ဆောင်ရွက်စေရေးအတွက် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ ဆီးချိုအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ် ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် ဆီးချိုဖြစ်ပွားနေသူ ၅၃၇ သန်းရှိ၍ လူ ၁၀ဦးတွင် တစ်ဦးက ဆီးချိုရောဂါဖြစ်ပွားနေပြီး ဆီးချိုသွေးချိုဖြစ်ပွားနေသူ လူဦးရေ တစ်ဝက်ခန့်သည် မိမိတွင်ဆီးချိုရောဂါရှိနေသည်ကို မသိရှိကြကြောင်း၊ ဆီးချို သွေးချိုရောဂါဖြစ်ပွားသေဆုံးမှုသည် နှစ်စဉ်မြင့်မားလာလျက်ရှိပြီး ရောဂါကြောင့်သေဆုံးမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပို၍များနေသည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ သိရှိရကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော စစ်တမ်းအရ ကနဦး ဆီးချိုအဆင့်ရှိသူမှာ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိနေပြီး ထိုသူများအနေဖြင့် ဆက်လက်၍ ဆီးချိုရောဂါဝေဒနာရှင်အဖြစ် ရောက်ရှိလာခြင်းနှင့် နောက်ဆက်တွဲရောဂါများ ဖြစ်နိုင်ခြေအလွန်များကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချိုရောဂါပညာပေးကုသမှုဌာန (Center of Excellence for Diabetes)များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ဆေးရုံကြီးလေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားရှိပြီး ယင်းတို့အပြင် ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန များတွင် ဆီးချို သွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှု ဆေးခန်းများ ဖွင့်လှစ်ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများက ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများ အခမဲ့စစ်ဆေးကုသပေးခြင်း၊ လိုအပ်လျှင် လွှဲပြောင်းပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရမည့် နည်းလမ်းများနှင့် လေ့ကျင့်ခန်းများကို သင်ကြားပြသခြင်းများ၊ ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း။

ပြည်သူလူထုကလည်း ဆီးချို၊ သွေးချို ရောဂါအကြောင်း သိကောင်းစရာများကို ကိုယ်တိုင်လိုက်နာကျင့်သုံးရုံသာမက မိသားစု၊ ပတ်ဝန်းကျင်နှင့် ပြည်သူလူထုတစ်ရပ်လုံးပျံ့နှံ့အောင် ဆက်လက်အသိပညာဖြန့်ဝေပေးခြင်း၊ ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းဖြင့် ဆီးချို၊ သွေးချိုအန္တရာယ်မှ ကာကွယ်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဆီးချို သွေးချို ကာကွယ်ထိန်းသိမ်းရေးစီမံချက်မှ စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာကိုကိုက ဆီးချို သွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ဆီးချို ရောဂါ ပညာပေးကုသဌာနသို့ သွားရောက်၍ ဆီးချိုသွေးချို ဝေဒနာရှင်များအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆီးချိုအမျိုးအစား(၁) လူနာများကို အင်ဆူလင်ဆေးဝါးများနှင့် ဆီးချိုစမ်းသပ်စက်များကို ထောက်ပံ့ပေးအပ်ကာ လူနာများကို ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားတွင် ကမ္ဘာ့ဆီးချို သွေးချို ရောဂါ ကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပညာပေးဗီဒီယိုများ ပြသခြင်းနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များကို ဆီးချို သွေးချို ရှိ မရှိ အခမဲ့စစ်ဆေးပေးခြင်း၊ ကုသမှုပေးခြင်းနှင့် လိုအပ်ပါက လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မော်စကိုမြို့ရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ သွားရောက်လေ့လာ

# မြန်မာနိုင်ငံရှိ ရေအားအရင်းအမြစ်များ နည်းပညာအကူအညီပေးရန် ဆောင်ရွက်ပေးမည်ဟုသိရ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် သုတေသနလေ့လာရေး ခရီးစဉ်နှင့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှု ဖိုရမ်(၂၀၂၂) တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့အနီးရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို သွားရောက်လေ့လာကြသည်။**(ယာပုံ)**

ထိုသို့လေ့လာရာ စက်ရုံအတွင်းရှိ Water Intake၊ Observation deck တို့ကိုလည်းကောင်း၊ ၅၀၀ကေဗွီ Switchyard တို့ကိုလည်းကောင်း၊ ဓာတ်အားပေး စက်ရုံ ထိန်းသိမ်းမောင်းနှင်နေသည့် ဝင်းအတွင်းရှိ ဓာတ်အားပေးစက်များနှင့် Main Control Panel တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



ယင်းနောက် စက်ရုံအစည်းဝေးခန်းမတွင် RusHydro Group နှင့် Zagorskaya PSPP တို့နှင့် ပတ်သက်၍ PJSC RusHydro, International Cooperation Department အကြီးအကဲဖြစ်သူ Mr. Artem Sokhikyan နှင့် Zagorskaya PSPP ၏ Director Mr. Victor Zhiznevskiy တို့က ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နွေးထွေးစွာကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ပိုမိုပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော 1200 MW Pump Storage ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်နေမှုကို လေ့လာတွေ့ရှိရသဖြင့် မိမိနိုင်ငံအတွက် များစွာ အကျိုးရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆွေတော်တို့ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ မိမိတို့အပေါ်တွင် အလေးအနက်ထား၍ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရသဖြင့် အထူးဝမ်းမြောက်မိပါကြောင်း ပြောကြားပြီး စက်ရုံနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးပြီး မေးမြန်းသည်။

မြန်မာနိုင်ငံရှိ ရေအားအရင်းအမြစ်များကို လေ့လာရန်လိုအပ်သည့်နည်းပညာအကူအညီပေးရန် RusHydro Group မှ ပညာရှင်များပါဝင်သည့် အဖွဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း လာရောက်လေ့လာ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးချက်များအရ သိရှိရသည်။

အဆိုပါ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မော်စကိုမြို့အနီးတွင် တည်ရှိပြီး ကုညာမြစ်အား ရေတံခါးထိန်းကိရိယာများဖြင့် အဖွင့်အပိတ် ဆောင်ရွက်၍ ရေထိန်းဧရိယာ 22. 4 Million Cubic Meter (၁၈၁၆၀ ဧကပေ) ရှိကာ 1200 MW ကို နေ့စဉ်အမြင့်ဆုံးသုံးစွဲသည့်အချိန် လေးနာရီခွဲခန့် မောင်းနှင်၍ ညအချိန်တွင် နေ့ပိုင်း၌ သုံးစွဲလည်ပတ်မောင်းနှင်ထားသော ရေများကို Pump များဖြင့် ၁၀၀ မီတာအမြင့်ရှိ ရေထိန်းကန်အတွင်းသို့ ပြန်လည်မောင်းနှင်၍ အကျိုးရှိစွာဖြင့် အသုံးချ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ထပ်မံ၍လည်း 800 MW အား တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး မော်စကိုမြို့၏ အဓိကသုံးစွဲလျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးနေသည့် စက်ရုံတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်ပညာဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

# မြန်မာ- ရုရှား သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် သုတေသန လေ့လာရေး ခရီးစဉ်နှင့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာ အခြေခံသည့် ဆန်းသစ်တီထွင်မှု ဖိုရမ် (၂၀၂၂) တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်ပညာဝန်ကြီးဌာနဝန်ကြီး H.E . Valery Falkov အား အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။**(ယာပုံ)**

**သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုး**

တွေ့ဆုံရာတွင် ပညာတော်သင် စေလွှတ်ရေးကိစ္စ၊ ပညာသင်ဆု အရေအတွက်တိုးမြှင့်ရရှိရေးကိစ္စ၊ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ- ရုရှား သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် National Research University Moscow Power Engineering Institute (MPEI) သို့ သွားရောက်၍ ပါမောက္ခချုပ် Alexander Bryuk-hoveskovoe ဦးဆောင်သော တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပညာတော်သင်ကိစ္စရပ်များကို ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

**သုတေသနလုပ်ငန်းများ ကြည့်ရှု**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် National Research Nuclear University (MEPhI) ပါမောက္ခချုပ် Vladimir Schevchenko ဦးဆောင်သော တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တက္ကသိုလ်၏ သင်ကြားသင်ယူမှု၊ လက်တွေ့ခန်းများ၊ သုတေသနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

## “၀”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်

**ဟိုပန် နိုဝင်ဘာ ၁၅**

“၀”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဒေသခံတောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဟိုပန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်စိုက်ပျိုးရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာများမှ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမိုးကျော်က ယခုထောက်ပံ့ပေးသည့် ဓာတ်မြေဩဇာသည် စိုက်ပျိုးရေးကဏ္ဍတွင် နေကြာ၊ နှံစားပြောင်း၊ ယာစပါး၊တောင်ယာစပါး၊ အာလူးစသည့် စံပြကွက်၊ စမ်းသပ်ကွက်များ၊ မျိုးစေ့ထုတ် လုပ်ငန်းတို့တွင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် အကျိုးဆောင်တောင်သူများကို “၀” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့မှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချိုလေးက စားသုံးဆီဖူလုံရေးအတွက် စီမံချက်အရ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးမှုအခြေအနေ၊ မျိုးကောင်းမျိုးသန့်များ ရှာဖွေပေးမှု အခြေအနေ၊ စိုက်ပျိုးရေးနည်းစနစ်များ ကူညီဆောင်ရွက်ပေးမှုအခြေအနေ၊ “၀”တောင်တန်းမျိုးစေ့ထုတ်သမဝါယမအသင်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများကို ယူရီးယားဓာတ်မြေဩဇာများကိုပေးအပ်သည်။ “၀”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့က ဟိုပန်မြို့နယ်တွင်းရှိ စိုက်ပျိုးရေးကဏ္ဍအကျိုးဆောင်တောင်သူ ၁၁၇ ဦးကို ယူရီးယားဓာတ်မြေဩဇာအိတ် ၅၀၀ အခမဲ့ ထောက်ပံ့ပေးအပ်ပြီး ကျန်ရှိသော ဓာတ်မြေဩဇာများကို နိုင်ငံတော်က သတ်မှတ်ထားသည့်နှုန်းထားဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၅

**အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ ပြုစုထားရှိသည့် အခြေခံလူဦးရေစာရင်းဇယားများ မှန်ကန်မှုရှိစေရေးကို မြို့နယ်အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့က ပူးပေါင်း၍ မြေပြင်တွင် အမှန်တကယ်နေထိုင်သော စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း (Pilot Project)ကို ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း၊ အိမ်ထောင်စုစာရင်းတွင် ရှိနေသော်လည်း မြေပြင်တွင်နေထိုင်မှုမရှိတော့သူ၊ သေဆုံးပြီးသူများကို စာရင်းလျှော့ချရမည်ဖြစ်ပြီး အိမ်ထောင်စုစာရင်း လုံးဝမရှိသူနှင့် အခြားမြို့နယ် အိမ်ထောင်စုစာရင်း ကိုင်ဆောင်ထားသူများအား စိစစ်သွားပြီး မှန်ကန်မှုရှိပါက အိမ်ထောင်စုစာရင်း ထုတ်ပေးကာ မဲစာရင်းတွင်ပါဝင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လူဦးရေစာရင်း မှန်ကန်စေရေးနှင့် လုပ်ငန်းများပိုမိုမြန်ဆန်ရေးအတွက် မြေပြင်လူဦးရေစာရင်းအပြင် ပုံစံ-၆၆/၆ ကို အဓိကထား၍ စိစစ်ဆောင်ရွက်သွားရန် လိုအပ်သလို မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့တို့ဖြင့် စနစ်တကျပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မှန်ကန်တိကျသော မဲဆန္ဒရှင်စာရင်း ရရှိရေးအတွက် ပြုစုရာတွင် အဓိကတာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ပြည်နယ်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက မွန်ပြည်နယ်အတွင်း မဲစာရင်းပြုစုရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက အခြေခံလူဦးရေ စာရင်းဇယားများ မှန်ကန်မှုရှိစေရေး စာရင်းပြုစုဆောင်ရွက်မှု၊ ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များ ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် စီမံအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆို လက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်း၏ မိဘအုပ်ထိန်းသူထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံ သင်တန်းကျောင်း အနော်ရထာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကိုပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ ပုသိမ်ကြီးမြို့နယ် မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မဟာအောင်မြေမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား သုံးဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ ထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၅**

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ဆိုင်ကလုန်းရှပ်တာ (Sineka-lone Shutter)တွင် အခြေပြု၍ ဒေသခံပြည်သူ ၁၁၁၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၆၈ ဦး၊ ခွဲစိတ်ရောဂါ ၆၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၁ ဦး၊ ကလေးရောဂါ ၃၃ ဦး၊ အရိုးရောဂါ ၁၈၁ ဦး၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ ၄၇ ဦး၊ မျက်စိရောဂါ ၃၁၁ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၇၂ ဦး စုစုပေါင်း ၁၁၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ လေးဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၄ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံရေတပ်စခန်း ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားအောင်ပွဲနေ့နှင့် လူငယ်တို့၏ အမျိုးသားရေးတာဝန်

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

- မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသမှာ လူဖြစ်လာမယ့် အမ်ဖီသီးကပ်စ်လို့ခေါ်တဲ့ ပရိုင်းမိတ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း သန်းလေးဆယ်က နေခဲ့ကြောင်း ဘူမိသိပ္ပံ ကမ္ဘာ့ပညာရှင်၊ မြန်မာပညာရှင်တွေက ဖော်ထုတ်ခဲ့တယ်။
- ဘီစီ ၆၀၀ မှာ ပျူလူမျိုးတို့က အရှေ့ကယန်းတို့က အနောက်၊ သက်လူမျိုးတို့က မြောက်အရပ်နဲ့ မွန်တို့ဟာ ဧရာဝတီလွင်ပြင်၊ စစ်တောင်းနဲ့ သံလွင်ချိုင့်ဝှမ်းလွင်ပြင် မြို့ရွာတွေမှာ တည်ထောင်ပြီး နေခဲ့ကြတယ်။ ဧရာဝတီမြစ်ကြီးအနီး တကောင်း (Tagaung) မြို့ပြတည်ခဲ့ရာ ရှေးမြန်မာဘုရင်တို့ဟာ တကောင်းဒေသ လူထုထဲမှ ပေါက်ဖွားလာခဲ့တယ်။
- ပုဂံခေတ် အေဒီ ၁၁၉၀ ခန့်က တောင်ဂူနီဘုရားအတွင်း ကျောက်သားပေါ် (Stone tablet) မှာ "မြန်မာ" (မြန်ဆန်တောင့်တင်း) ဆိုတဲ့ စာသားကို တွေ့ရတယ်။ "ဗမာ" ဆိုတာ ကုန်းဘောင်ခေတ်မှာ ပေါ်ခဲ့တယ်။
- အေဒီ ၁၅၅၀ ကျော်မှာ ဘုရင့်နောင်ဟာ ကမ္ဘောဇသာဒီနန်းတော်ကြီး တည်ဆောက်ပြီး နန်းစံခဲ့ပါတယ်။ အေဒီ ၁၇၅၂ ခုနှစ်မှာ အလောင်းမင်းတရားကြီးက ကုန်းဘောင်ခေတ်ကို တည်ထောင်၊ စည်းလုံးညီညွတ်မှုရှိအောင်၊ စပါးဆန်ရေပေါများအောင် ဆောင်ရွက်ခဲ့တယ်။ စာပေကျမ်းဂန်တွေ ထွန်းကားခဲ့တယ်။ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်နဲ့ ကိုယ့်မြေ၊ ကိုယ့်ရေနဲ့ ကိုယ့်နန်းတွင်းရေးတွေကို ဖြေရှင်း၊ ထိန်းချုပ်ကာကွယ်ခဲ့တယ်။
- ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ဘုရင်၊ ကိုယ့်သခင်နဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေဟာလည်း အာရှရဲ့ ပုလဲရတနာလိုတစ်မျိုး၊ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရား စေတီတွေကိုပဲ ကြည့်ကြည့်၊ မူးမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ ဟူးကောင်းချိုင့်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းက လယ်ယာမြေတွေမှာ သီးမှည့်နေတဲ့စပါးနှံတွေပဲ ကြည့်ကြည့် ကမ္ဘာမှာ ရွှေနိုင်ငံလို့ တစ်မျိုး အမည်ရနေပါတယ်။
- ၁၈၂၄-၂၆ ခုနှစ်တွေမှာ မြန်မာနိုင်ငံအောက်ပိုင်းကစပြီး တစ်စတစ်စ ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်လက်အောက်ရောက်မယ်လို့ ဘယ်သူတွေ တွက်ဆ သိနိုင်ခဲ့မလဲ။ မြော်မြင်တွေးကြည့်နိုင်တဲ့သူတွေ ရှိကောင်းရှိနိုင်ပါမယ်။ လွန်ခဲ့တဲ့နှစ် ၂၀၀ နီးပါးက အခြေအနေမှာလွန်စွာမှုရှားပါးလိမ့်မယ်ဆိုတဲ့အချက်တွေနဲ့ ဒီဆောင်းပါးကို စချင်ပါတယ်။




၁၉၂၀ ပြည့်နှစ် မြန်မာအမျိုးသားပညာရေးလှုပ်ရှားမှုများ၏ သမိုင်းခြေရာများ ထင်ဟပ်ရာ ယခင် မြို့မအမျိုးသားကျောင်း (အ.ထ.က (၂) ဒဂုံ) ကို တွေ့ရစဉ်။

**၁၉၂၀ ပြည့်နှစ်ထဲမှာ ပေါ်ပေါက်ခဲ့တဲ့ မြန်မာအမျိုးသားပညာရေးလှုပ်ရှားမှုတစ်ရပ်ဟာ အမျိုးသားရေးကိစ္စ၊ အမျိုးသားအကျိုးစီးပွား National Interest ကောင်းကျိုးအတွက် ဖြစ်ခဲ့တယ်။ ဒီလှုပ်ရှားမှုဟာ အမျိုးသားရေးကိစ္စကို ဇာတိပြခဲ့တယ်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေဟာ မြန်မာတို့ လိုလားတဲ့ ပညာရေးဖြစ်မနေတာကြောင့် အင်္ဂလိပ်အစိုးရကို တောင်းဆိုတာဟာ လွတ်လပ်ရေးရဖို့ လှမ်းခဲ့တဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီး ဖြစ်ခဲ့တယ်။**

### အကြောင်းအရာ (၁)

၁၈၂၄ ခုနှစ်ကနေ ၁၈၈၅ ခုနှစ်တိုင် မြန်မာနိုင်ငံ အောက်ပိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ ပဲခူး၊ ဟံသာဝတီ၊ ဟိုင်းကြီးကျွန်းအရေးကိစ္စတွေကို ဖြေရှင်းရတော့ ထိုစဉ်က ဘုရင်မင်းမြတ်တွေဟာ အားတွေကုန်၊ လမ်းကြောင်းတွေ တိမ်းစောင်းခဲ့ပါတော့တယ်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှာ အင်္ဂလိပ်စစ်သင်္ဘောတွေ မန္တလေးဆိပ်ကမ်းကို ဆိုက်ကပ်ပြီး ၂၉ ရက်မှာ သီပေါမင်းကိုနန်းချ၊ ဧရာဝတီမြစ်ကြောင်းကနေ သူရိယသင်္ဘောနဲ့ ရန်ကုန်ကနေ တစ်ဆင့် ရတနာဂီရိကို ပို့ခဲ့တယ်။

၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ ရန်ကုန်မြို့၊ ဇန်နဝါရီ ၄ ရက်မှာ မန္တလေးမြို့တို့တွင် အိန္ဒိယဘုရင်ခံ ဒတ်ဖရင်လက်မှတ်ရေးထိုးတဲ့ ကြော်ငြာစာ -

"သီပေါမင်း အုပ်စိုးတော်မူသော မြန်မာနိုင်ငံတော်ကို ၎င်းဘုရင်က ထပ်မံဆက်လက်၍ စိုးစံအုပ်ချုပ်ရဦးမည်မဟုတ်။ ၎င်းနိုင်ငံနယ်မြေများသည် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော ဧကရီဘုရင်မမင်းမြတ်ဘုရား၏ နိုင်ငံနယ်မြေဖြစ်လေပြီး အသျှင်ဘုရင်မမင်းမြတ်ဘုရား အလိုတော်မြတ် ရှိစဉ်ကာလအတွင်း ထိုနိုင်ငံကို ဣန္ဒိယဘုရင်ခံမင်းမြတ်က အခွင့်သင့်လျော်သည့်အခါ မှူးမတ် အရာရှိခန့်ထား၍ ၎င်းမှူးမတ်အရာရှိတို့ကသာ အုပ်ချုပ်စီရင်လိမ့်မည်"

မြန်မာနိုင်ငံဟာ နယ်ချဲ့အင်ပါယာအတွင်း ကျရောက်၊ မြန်မာ့မြေပုံပျောက်၊ ကျွန်သပေါက်ဘဝသို့ရောက်ခဲ့ရပါတယ်။ ဒါဟာ သမိုင်းတစ်ကွေ့ပဲ။ မြန်မာတို့ရဲ့ နန်းတွင်းအရေးတော်ပုံ အရှုပ်တွေရှိတာ ပြည်တွင်းရေးကိစ္စများပါပဲ။ သခင်မဲ့၊ အရှင်သခင်မဲ့ဘဝနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစမရခဲ့တဲ့ကာလဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိလို့ ပြောရပါလိမ့်မယ်။

### အကြောင်းအရာ (၂)

ရှေးဘုရင်တို့နဲ့ လူထုဟာ ပရိယာယ်၊ နည်းပရိယာယ်ဝေဝုစ်များလှတဲ့ ဗြိတိသျှတို့ကို နားလည်ဖို့ ခက်ခဲခဲ့ပါလိမ့်မယ်။ တိုင်းတစ်ပါးက ဝင်ရောက်ကယ်တင်သယောင်၊ ဝင်ရောက်စွက်ဖက်တဲ့အထိ ဖြစ်လာတာဟာ ကိုလိုနီနယ်ချဲ့၊ ကိုလိုနီလက်သစ်တို့ရဲ့ စရိုက်လက္ခဏာပါပဲ။ နယ်ချဲ့ရဲ့ပရိယာယ်ကို မမြင်နိုင်၊ မသိနိုင်ဖြစ်ခဲ့ရတဲ့ မြန်မာဘုရင်တွေနဲ့ မှူးကြီးမတ်ကြီးတွေ၊ နောက်လိုက်နောက်ပါတွေကို ပြစ်တင်ဝေဖန်ဖို့အကြောင်းမရှိ။ ကိုလိုနီသက်တမ်းရှည်ရေး တောင်တန်းဒေသ Forntier Areas များ ဆိုပြီး မြန်မာပြည်မနဲ့ခွဲခြားပြီး သီးခြားဥပဒေတွေနဲ့ စီမံအုပ်ချုပ်တာတွေ့ရပါတယ်။

မူလကတည်းက တောင်တန်းဒေသကို မြေပြန့်နဲ့ ဥပဒေတွေပြဋ္ဌာန်းပြီး သွေးခွဲအုပ်ချုပ်ခဲ့တယ်။ ရှမ်းပြည်နယ်များ အက်ဥပဒေ (Shan States Act of 1888)၊ ကချင်တောင်တန်းလူမျိုးစုများ စည်းမျဉ်းဥပဒေ (Kachin Hill Tribes Regulation1896) ဆိုပြီး အုပ်ချုပ်ခဲ့တာကြောင့် ၂၀ ရာစု ပင်လုံညီလာခံမှာ အဟန့်အတားတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ ဒို့ပြည် ဒို့မြေ၊ များလူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှဝါဒဖြူစင်တဲ့ပြည် ဒို့ပြည်ဒို့မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ"

### အကြောင်းအရာ (၃)

ဗြိတိသျှနယ်ချဲ့အောက်ကျရောက်ခဲ့တဲ့ မြန်မာတိုင်းရင်းသားတို့ဟာ စီးပွားရေးအရ ခေါင်းပုံဖြတ်မှု၊ နိုင်ငံရေးအရချုပ်ချယ်မှု၊ လူမှုရေးအရ ချိုးနှိမ်မှုတွေ့ကြုံခံစားရတဲ့အပြင် ဘာသာ၊ သာသနာနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတို့မှာလည်း ညှိုးမှိန်လာတာကို သိမြင်လာတာမို့ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ပိုင်းခြားဝေဖန်နိုင်တဲ့ တိုင်းရင်းသားခေတ်ပညာတတ်လူငယ်တွေဟာ ၂၀ ရာစု ဆန်းစမှာ ပေါ်ပေါက်ခဲ့ပါတယ်။ အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံရေးမျက်စိပွင့်လာခဲ့ပါတယ်။

၁၉၂၀ ပြည့်နှစ်ထဲမှာ ပေါ်ပေါက်ခဲ့တဲ့ မြန်မာအမျိုးသားပညာရေးလှုပ်ရှားမှုတစ်ရပ်ဟာ အမျိုးသားရေးကိစ္စ၊ အမျိုးသားအကျိုးစီးပွား National Interest ကောင်းကျိုးအတွက် ဖြစ်ခဲ့တယ်။ ဒီလှုပ်ရှားမှုဟာ အမျိုးသားရေးကိစ္စကို ဇာတိပြခဲ့တယ်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေဟာ မြန်မာတို့ လိုလားတဲ့ ပညာရေးဖြစ်မနေတာကြောင့် အင်္ဂလိပ်အစိုးရကို တောင်းဆိုတာဟာ လွတ်လပ်ရေးရဖို့ လှမ်းခဲ့တဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်ခဲ့တယ်။ ဒီလှုပ်ရှားမှုကြီးမှာပါဝင်ခဲ့သူ ထိုခေတ်က ပညာတတ်တွေဟာ အမြော်အမြင်ကြီးမားကြောင်း တွေ့ရပါတယ်။

အိန္ဒိယအမျိုးသား ကွန်ဂရက်အသင်းကြီးရဲ့ အမျိုးသားရေးဆောင်ရွက်ချက်တွေ၊ ဆွန်ယက်ဆင်ရဲ့ မန်ချူးဆန့်ကျင်ရေး လှုပ်ရှားမှုတွေက လွတ်လပ်လိုတဲ့ မြန်မာနိုင်ငံကို ဂယက်ရိုက်ခတ်လာတဲ့အပြင် ရုရှား - ဂျပန်စစ်မှာ ဂျပန်တို့ စစ်နိုင်တဲ့အချက်ကလည်း မြန်မာတွေကို စိတ်ဓာတ်တက်ကြွစေခဲ့ပါတယ်။ နိုင်ငံရေးနည်းလမ်း၊ စစ်ရေးနည်းလမ်းတွေ အပေါ်ရောက်ဖို့ ဖန်လာတယ်လို့ သုံးသပ်လို့ရပါတယ်။

"ဝိုင်အမ်ဘီအေ" ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဟာ ၁၉၀၆ ခုနှစ်မှာ ပေါ်ပေါက်လာခဲ့တယ်။ ၁၉၁၁ ခုနှစ်မှာ အသင်းသားဦးရေတိုးတက် အခြေခိုင်လာတာနဲ့အမျှ သမဝါယမလုပ်ငန်းတွေ ကြီးပွားတိုးတက်အောင် ဆောင်ရွက်ဖို့ အရွယ်ရောက်သူတိုင်း မသင်မနေရ ပညာရေးဥပဒေပြဋ္ဌာန်းဖို့ အင်္ဂလိပ်အစိုးရကို တောင်းဆိုခဲ့တယ်။ လွတ်လပ်ရေးမရမီ လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၂၀ ရာစု မြန်မာနိုင်ငံရဲ့ နိုင်ငံရေးကို ဦးဆောင်ခဲ့တာကတော့ ဂျီစီဘီအေ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီးဖြစ်တယ်။ ၁၉၂၀ ကနေ ၁၉၃၀ အတွင်း ရှေ့ဆောင်လမ်းညွှန်ခဲ့တဲ့ အသင်းကြီးပဲ။

၁၉၁၉ ခုနှစ်လောက်မှာ ဝိုင်အမ်ဘီအေအသင်းကြီးဟာ တစ်နိုင်ငံလုံးမှာ အသင်းခွဲပေါင်း ၂၀၀၀ ကျော် ရှိလာခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ ဝိုင်အမ်ဘီအေကို မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီး ဂျီစီဘီအေလို့ ပြောင်းလဲဖွဲ့စည်းပြီး အမျိုးသားရေးအကျိုးစီးပွားလှုပ်ရှားမှုကို ၁၉၂၀ ကနေ ၁၉၃၀ အတွင်း ရှေ့ဆောင်လမ်းညွှန်ခဲ့တဲ့ အသင်းကြီး ဖြစ်ခဲ့တယ်။

ဂျီစီဘီအေဟာ ၁၉၂၀ မှာဖြစ်ပွားတဲ့ University Boycott ကို အားပေးကူညီခဲ့တယ်။ ရန်ကုန်မြို့ ဂျူဗလီဟောမှာကျင်းပတဲ့ ဂျီစီဘီအေ အထူးကွန်ဖရင့်က ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို စတင်သပိတ်မှောက်တဲ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့တယ်။

### မြန်မာတို့ ကိုယ်တိုင်ဘာတွေ ပြင်ဆင်ကြရပါမလဲ-

အမျိုးသားပညာဝန်ဦးဖိုးကျား၊ ပီမိုးနင်း၊ ဇေယျစသော ပညာရှင်တွေကလည်း လူငယ် လူရွယ်တို့ရဲ့ စိတ်ဓာတ်ရေးရာကို တည့်မတ်ပြုပြင်ပေးတဲ့စာတွေ ရေးသားပြီး မျက်လုံးဖွင့်ပေးခဲ့ကြတယ်။ တိုင်းတစ်ပါး ယဉ်ကျေးမှုကိုအထင်ကြီး လွဲမှားစွာ စံပြုနေကြတဲ့ သူတွေကို အတွေးအမြင်မှန်အောင် ရေးသားခဲ့ကြတယ်။ တိုင်းတစ်ပါးလက်အောက်က လွတ်မြောက်လိုတဲ့ဆန္ဒပြင်းပြတဲ့ကာလ၊ လွတ်လပ်ရေးရဖို့ ဖြစ်ခဲ့ပါတယ်။ မိမိကိုယ်ကိုအားကိုး၊ အလုပ်ကိုတန်ဖိုးထား၊ အမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်းကာကွယ်လိုစိတ် ပေါ်ပေါက်အောင်၊ မိမိတတ်နိုင်တဲ့ဘက်က အများပြည်သူကို စောင့်ရှောက်ကူညီလိုစိတ်ဖြစ်အောင် ရေးသားပြုစုခဲ့ကြတယ်။

*စာမျက်နှာ ၁၁ သို့*

# ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်မှ ခေတ်မီလှေကားထစ်စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲပြီး သီးထပ်စိုက်ပျိုးရေး ကြိုးပမ်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

တောင်ကုန်း၊ တောင်တန်းများ ထူထပ်ပေါများစွာ တည်ရှိသောဒေသများရှိ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးလုပ်ကိုင်နေမှု များကို ခေတ်မီလှေကားထစ်ကုန်းမြင့်လယ်ယာမြေများအဖြစ် ဖော်ထုတ်ပေးပြီး သီးထပ်စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂)ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံစိုက်ပျိုးရေး သုတေသနခြံသို့ ရောက်ရှိကြကာ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သော လယ်နှင့်ယာစပါးမျိုးများ၊ ပဲပုပ်၊ ပြောင်း သီးနှံမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သုတေသနပညာရှင်များနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသနှင့် သင့်လျော်သည့် အထွက်ကောင်း၊ အရည်အသွေးကောင်း သီးနှံမျိုးများ နှင့်စပ်မျိုးများ သုတေသနပြု မျိုးမွေးမြူရွေးချယ်ပေးရန်လိုအပ်ချက်များ၊ လက်တွေ့အသုံးချသုတေသနရလဒ်များကို သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ ဌာနများနှင့် ပူးပေါင်း၍ တောင်သူလက်ဝယ် အရောက် ပို့ဆောင်ပေးရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အရှေ့မဲခေါင် ပုဂ္ဂလိက ဝက်မွေးမြူရေး ခြံ၏ အသားတိုးဝက်မွေးမြူလုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးပြီး ခေတ်မီသားသတ်ရုံတည်ဆောက်ရေး၊ ဝက်သားပေါက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။ ဆက်လက်၍ ကျိုင်းတုံမြို့နယ် ဝမ်လုံကျေးရွာတွင်ရှိသော အသားတိုးဝက်မွေးမြူရေးခြံ၊ ဝက်သားပေါက်မွေးမြူရေးခြံ၊ ဥစားကြက်မွေးမြူရေးခြံ၊ ဥစားဘဲ မွေးမြူရေးခြံနှင့် နို့စားနွားမွေးမြူရေးခြံများ၊ အစ္စရေးမြက်ပျိုးခင်းများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု နောင်ငင်းကျေးရွာ၌ ကျင်းပပြုလုပ်သည့် ရော်ဘာမိုးကာအုပ် အစေးခြစ်ခြင်းလုပ်ငန်းအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ တက်ရောက်ကြပြီး တောင်သူ ၃၀ အား ရော်ဘာမိုးကာအုပ်အစေးခြစ်ခြင်း လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ် ယန်းလောအုပ်စု၊ ကျိုင်းဖောင်းကျေးရွာ၌ ကျင်းပပြုလုပ်သည့် ဆိုလာစနစ်ဖြင့် မြစ်ရေတင်စိုက်ပျိုးကြမည့် တောင်သူများအား တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

စာမျက်နှာ ၁၀ မှ

အမျိုးသားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမယ့် စာပေတွေကိုဖတ်ရှုဖို့လိုကြောင်းနဲ့ စပ်လျဉ်းပြီး ဆရာကြီးဇေယျက–

‘ကျွန်ုပ်တို့သည် စာပေရေးသားရာ၌ လည်းကောင်း၊ စာပေဖတ်ရှုလေ့လာရာ၌ လည်းကောင်း၊ သတိကြီးစွာ ထားအပ်ပေသည်။ ဖေတော့မောင်တော့ စသော တဒင်္ဂမျှစိတ်ကြွစေပြီးနောက် ငေးမှိုင်တွေဝေ အားအင်ဖျော့တော့ ကြုံလှီ၍ သွားစေတတ်သော၊ ဘိန်းဘင်းကဲ့သို့သော စာပေများနှင့်သာ ကျွန်ုပ်တို့အချိန်ကုန်၍နေမည်ဆိုသော် အမျိုးသားရေးယိမ်းယိုင်ပျက်စီးကြောင်း လမ်းဆွေးကြီးကို လိုက်နေသည်နှင့်တူပေမည်။ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် အဟောသိကံတွေပဲ။

အို…လူငယ်မြန်မာတို့… ကိုယ့်နိုင်ငံရဲ့အတိတ် သမိုင်းကိုကြည့်၊ အစစအရာရာ ဖြစ်ပေါ်ပြောင်းလဲမှုကိုကြည့် သင်ခန်းစာယူပြီး ကောင်းမွေပေးနိုင်အောင် လုပ်ကြ။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ သမိုင်း၊ သိပ္ပံနဲ့ နည်းပညာတိုးတက်မှုသမိုင်း၊ ကြီးပွားချမ်းသာမှုသမိုင်းတို့ကို နားလည်အောင်ဖတ်ကြရမယ်။ ကိုယ့်နိုင်ငံနဲ့ ယှဉ်ပြီးတော့လည်း သိအောင်လေ့လာကြ။ လုံ့လဝီရိယ၊ နည်းပညာ၊ ပညာအမြော်အမြင်နဲ့ပေါင်းစပ်၊ ဟန်ချက်ညီစွာ ကျင့်သုံးကြလော့။

လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ကြီးပွားမှု၊ ကျဆင်းမှုတို့ကလည်း ထိုလူ့အဖွဲ့အစည်း၊ ထိုတိုင်းပြည်ရှိ လူတို့ရဲ့ ဉာဏ်ဝီရိယနဲ့ စည်းလုံးညီညွတ်မှုအပေါ်မှာ ပဓာနအားဖြင့် မူတည်နေပုံကို လယ်တီဆရာတော်က–

“တစ်ယောက်၏ ဉာဏ်ဝီရိယသည် အင်အားရှိသလောက် အကျိုးဖြစ်ထွန်းစေနိုင်သည်၊ ထိုထက် နှစ်ယောက်ညီညာသော ဉာဏ်ဝီရိယသည်အား များစွာပါနေသည်။ ထိုထက် သုံးယောက်ညီညာသောဉာဏ်ဝီရိယ၊ ထိုထက်လေးယောက်၊ ထိုထက် ငါးယောက်၊ တစ်ကျိပ်၊ တစ်ရာ၊ တစ်ထောင် စသည်ဖြင့် အများညီညွတ်သော ဉာဏ်ဝီရိယသည်တိုင်းကို ကြံနိုင်သည်။ ပြည်ကိုကြံနိုင်သည်၊ ဤကဲ့သို့သောအရာများမှ ကံသည် ပဓာနမဟုတ်၊ အများညီညွတ်သော ဉာဏ်ဝီရိယသည် ပဓာနပေတည်း။”

**အကြောင်းအရာ (၄)**

ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းချုပ်ကြီးတို့ က အမျိုးစောင့် ဝံသာနုရက္ခိတ တရားပွဲများအောင် ဆောင်ရွက်ချက်များသည် လည်းကောင်း၊ တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးအမြင်ဖြင့် ဆောင်ရွက်ချက်များသည်လည်းကောင်း၊ သက်စွန့်ကြိုးပမ်းခဲ့တဲ့ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် လည်းကောင်း၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ် ထက်သန်ကြသော ရဲဘော်သုံးကျိပ်အမှူးပြုသည့် မျိုးချစ်များနှင့် ပြည်သူလူထုလက်တွဲပြီး နိုင်ငံရေးဆောင်ရွက်ချက်များသည် လည်းကောင်း မြန်မာနိုင်ငံ၏သမိုင်း မော်ကွန်းများ ဖြစ်ပါတယ်။ သူတို့ရဲ့ သာယာဝပြောမှု ကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအား၊ ညမနားအားထုတ်ခဲ့သူတွေ ဖြစ်ပါတယ်။ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေလိုတဲ့ဆန္ဒ၊ အမျိုးသားအကျိုး စီးပွားရေးရှုတဲ့ ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့ နေနိုင်တဲ့ လက္ခဏာတွေက အဓိကဖြစ်လာတာတွေ့ရပါတယ်။

မြန်မာ့သမိုင်းကြောင်းမှာ အကြောင်းတရားတစ်ခုကြောင့် သို့မဟုတ် အကြောင်းအရာများစွာကြောင့် ပေါ်ပေါက်ခဲ့တဲ့အသင်းအဖွဲ့ကြီးတွေဟာ နိုင်ငံရေးအယူဝါဒကွဲပြားခြင်း အကြောင်းအရာ တစ်ခု၊ ခေါင်းဆောင်နိုင်သူအချင်းချင်း အားပြိုင်မှုနဲ့ အသင်းရန်ပုံငွေတွေ စီမံခန့်ခွဲမှုကိစ္စဟာလည်း အကြောင်းတရားများဖြစ်တာကြောင့် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ပါတယ်။

**“ လူ့အဖွဲ့အစည်း တစ်ခု၊ နိုင်ငံတစ်ခုရဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ကြီးပွားမှု၊ ကျဆင်းမှုတို့ကလည်း ထိုလူ့အဖွဲ့အစည်း၊ ထို တိုင်းပြည်ရှိ လူတို့ရဲ့ ဉာဏ်ဝီရိယနဲ့ စည်းလုံးညီညွတ်မှုအပေါ်မှာ ပဓာနအားဖြင့် မူတည်နေ”**

ဂျီစီဘီအေဟာ ၁၉၃၀ ခန့်မှစ၍ နိုင်ငံ့အကျိုးအတွက် ထိရောက်စွာဆောင်ရွက်နိုင်ခြင်း မရှိတော့ချေ။ မူရင်းရည်ရွယ်ချက်၊ ရည်မှန်းချက်ဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိအောင် ဂျီစီဘီအေကဆောင်ရွက်မပေးနိုင်ခဲ့ပေမယ့် အမျိုးသားရေးစိတ်ဓာတ်နဲ့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့ကို တိုးတက်အခြေခိုင်လာအောင် အများဆုံးလှုံ့ဆော်ပေးခဲ့တဲ့ အဖွဲ့ကြီးဖြစ်ခဲ့ပါတယ်။

၁၉၃၀– ၁၉၄၀ ပြည့်နှစ် မြန်မာ့နိုင်ငံရေးမှာ ဦးဆောင်ခဲ့တဲ့ အစည်းအရုံးကြီးက ဒို့ဗမာအစည်းအရုံးပဲ ဖြစ်တယ်။ ရည်မှန်းချက်တွေဖြစ်တဲ့ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လုံးဝလွတ်လပ်ရေးရဖို့ကိစ္စဟာ မြန်မာတို့ကိုယ်တိုင် အမျိုးသားရေးတာဝန်တွေကို ထမ်းဆောင်ခွင့်ရဖို့ဖြစ်ခဲ့တယ်။ **“ဗမာပြည်သည် ဒို့ပြည်– ဗမာစာသည်တို့စာ၊ ဗမာစကားသည်တို့စကား၊တို့ပြည်ကိုချစ်ပါ၊တို့စကားကိုလေးစားပါ”** ဆိုတဲ့ ကြွေးကြော်သံတွေဟာ ပြည်သူလူထုတိုင်းရင်းသားအပေါင်းတို့အား အမျိုးသားရေးစိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်ကို တက်ကြွစေခဲ့တယ်။ တစ်တိုင်းပြည်လုံး အထိ တာသွားခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်မှာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဟာ အင်္ဂလိပ်အစိုးရကို ချောက်ချားစေခဲ့ပါတယ်။

၁၉၃၈ ခုနှစ်မှာ တို့ဗမာ အစည်းအရုံးဟာ၊ သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်တဲ့ဂိုဏ်းနဲ့ သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ ခေါင်းဆောင်တဲ့ဂိုဏ်းဆိုပြီး ကွဲသွားခဲ့ပေမယ့် သခင်လူငယ်အဖွဲ့ရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လက်ရေးကြိုးပမ်းမှုတွေ အရှိန်မပျက် ဆက်လက်တိုးတက်ခဲ့တာတွေဟာ ထိုခေတ်က မျိုးဆက်သစ်လူငယ်တွေရဲ့ အမျိုးသားရေးအကျိုးစီးပွားအတွက် ရှေးရှုခဲ့ကြလို့ ဖြစ်ပါတယ်။

၁၉၃၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ ပေါ်ပေါက်ခဲ့တဲ့ တို့ဗမာအစည်းအရုံးက ဆင်းရဲသားဝံသာနုအဖွဲ့နဲ့ အခြားအဖွဲ့အစည်းတွေမှ ပုဂ္ဂိုလ်တွေ ပူးပေါင်းဖွဲ့စည်းလိုက်တဲ့ ဗမာ့ထွက်ရပ်ဂိုဏ်းဟာ ဂျပန်နဲ့ ဆက်သွယ်ပြီး လူငယ်တွေကို ဂျပန်နိုင်ငံကို လျှို့ဝှက်စေလွှတ်ပြီး စစ်ပညာသင်ယူစေခဲ့ရာမှ ရဲဘော်သုံးကျိပ်ဆိုပြီးပေါ်ပေါက်ခဲ့ပါတယ်။ ညီညွတ်မှုတတဲ့ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို နယ်ချဲ့အစိုးရဟာ ရိပ်စားမိပါလိမ့်မယ်။ ၁၉၄၁ ခုနှစ်မှာ တို့ဗမာအစည်းအရုံးကို အင်္ဂလိပ်အစိုးရက မတရားအသင်းအဖြစ် ကြေညာခဲ့ပါတော့တယ်။ ဗမာ့ထွက်ရပ်ဂိုဏ်းဟာ မြေပေါ်လှုပ်ရှားမှုကိုဆောင်ရွက်ပြီး အခြားတစ်ဖက်မှာလည်း ကွန်မြူနစ်ပါတီက ကလပ်စည်းတွေနဲ့ ပြည်သူ့အရေးတော်ပုံပါတီတို့ကို ဖွဲ့စည်းပြီး မြေအောက်လှုပ်ရှားမှုတွေကို ဆောင်ရွက်ကြောင်း တွေ့ရှိရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

---

## အမျိုးသားနေ့ မမေ့အပ်ရာ

❖ ❖ ❖

- နယ်ချဲ့အင်္ဂလိပ်၊ စိတ်ထားမမှန်
  ရိုးသားဟန်မရှိ
  ပေးသည့်ပညာ၊ ကျွန်သာသာတည့်
  သူငါပြင်းဆန်၊ လက်မခံမို့
  တွန်းလှန်သပိတ် ဆင်နွှဲခဲ့…။
- အားမာန်ပြင်းစွာ
  ညီညာဖြိုဖြို၊ ကြွေးကြော်ကြလျက်
  မြန်မာ့အရေး၊ သွေးဖြင့်ရေး၍
  အရေးဆိုကာ၊ အောင်ခဲ့ရာတည့်
  မြန်မာအမျိုးသား ကျောင်းတော်များ…။
  ပေါ်ထွန်းခဲ့ပြီ အထင်အရှား…။
- သည်ကျောင်းတော်များ၊ ကျေးဇူးအားဖြင့်
  မြင့်မားထင်စွာ၊ တို့မြန်မာ၏
  တို့စာပေရေး၊ မြှင့်တင်ပေးသည်
  လေးစားမှတ်တမ်း တင်ဖွယ်တကား…။
- ကိုယ့်ရေကိုယ့်မြေ၊ ကိုယ့်စာပေနှင့်
  တည်နေစုစု၊ ယဉ်ကျေးမှုတို့
  ဆုလာဘ်ပမာ၊ ရှိခဲ့ရာကို
  ဘာသာမျိုးခြား၊ တိုင်းတစ်ပါး၏
  ဖဝါးခြေအောက်
- အပျောက်မခံ၊ ဇာတိမာန်ဖြင့်
  ထက်သန်လုံ့လ၊ ပြုခဲ့ကြသည့်
  ဘိုးဘတို့ချွေး၊ ကျခဲ့သွေးကို
  တွေးမြင်သတိ၊ အစဉ်ရှိလျက်
  ကျသည့်ဝန်တာ၊ ကျေပွန်စွာလျှင်
  ညီညာဖြိုဖြို ထမ်းပါစို့…။ ။

(တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်မည့်အမျိုးသားနေ့ကိုကြိုဆိုလျက်–)

ဘိုမျိုး(ရွှေဘို)

● *ကျောဖုံးမှ*

ကီလိုတန်းအလိုက် ပြိုင်ပွဲများကို
လည်းကောင်း၊ ဇေယျာသီရိ
တပ်မတော် အားကစားကွင်း၌
ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသား/
အမျိုးသမီး မီတာ ၁၀၀၀၀ အပြေး
ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး
သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသမီး
၇ မျိုးစုံ မီတာ ၁၀၀ တန်းကျော်
အပြေးပြိုင်ပွဲ၊ အမျိုးသမီး
တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုး
သား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊
အမျိုးသမီး ၇ မျိုးစုံ တန်းမြင့်ခုန်
ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး
မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုး
သား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီး



အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး ၇ မျိုးစုံ မီတာ ၂၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (A) ၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက် ပြိုင်ပွဲများကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(B)၌ အမျိုးသား/အမျိုးသမီး အုပ်စုပတ်လည်ပြိုင်ပွဲများကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌ ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် လက်ထောက် နည်းပြအဆင့် လက်သိုင်းပညာစဉ် စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသားကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်း လေးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲများနှင့် ကရာတေးဒိုပြိုင်ပွဲတွင် အကြီးတန်း တစ်ဦးချင်းပြိုင်ပွဲ၊ လူသစ်တန်း တစ်ဦးချင်းပြိုင်ပွဲများကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား(ခ) အဆင့် ဘောလုံးပြိုင်ပွဲ ပထမ အကြိုဗိုလ်လုပွဲကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ) အသင်းနှင့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု(ခ) အသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

✻ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နိုဝင်ဘာ ၁၄ ရက် နံနက် ၅ နာရီ ခွဲခန့်တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ကဒါရဲကင်းစခန်း၏ အရှေ့ဘက်မီတာ ၃၀၀ ခန့်အကွာ၌ စောင့်ဆိုင်းနေစဉ် ချောင်းနှစ်ခွ – မုဒုံလမ်းအတိုင်း မသင်္ကာဖွယ်အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် တစ်စီးအား တားဆီးရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်းမရှိဘဲ မုဒုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ထို့ကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ရာ မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် အမှတ် (၁၀) နေ ဥာဏ်ထက်ကို (၂၁) နှစ်နှင့် မော်လမြိုင်မြို့ ဘင်လှိုင်ရပ်ကွက်နေ စည်သူဖြိုး (၂၂) နှစ်တို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ PDF အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် စာရွက်စာတမ်းများ၊ ၎င်းတို့ ကိုင်ဆောင်သည့် ဖုန်းများအတွင်းမှ PDF အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများအား တွေ့ရှိခဲ့ရသည်။

ဖမ်းဆီးရမိသူများအား ထပ်မံစစ်ဆေး မေးမြန်းချက်များအရ ၎င်းတို့နှင့် ဆက်စပ်သည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် ဇေယျာ(၃)လမ်းရှိ အငှားတိုက်ခန်းတွင် ရောက်ရှိလျက်ရှိကြောင်း သိရှိရသည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်ဆေးရန် သွားရောက်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် အဆိုပါတိုက်ခန်း၏ အရှေ့သို့ ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ရမ်းသန်းပစ်ခတ်ခဲ့သဖြင့် မော်လမြိုင်မြို့ ဝွေးကုန်းရပ်ကွက်နေ ဦးကျော်မိုး(၃၁)နှစ်နှင့် ဇေယျာသီရိရပ်ကွက်နေ ဦးဟိန်းကိုဦး (၃၂) နှစ်တို့တွင် လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။



PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

၎င်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည့်အဆောက်အအုံအား ဝိုင်းပတ်ပိတ်ဆို့ထားရှိပြီး ဇေယျာ(၃) လမ်းရှိ လူနေအိမ်များမှ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် ဘေးလွတ်ကင်းသည့် နေရာသို့ ရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် PDF အမည်ခံ အကြမ်းဖက် သမားများအား လက်နက်ချ အညံ့ခံရန် ပြောဆိုခဲ့ရာ လက်နက်ချခြင်းမရှိဘဲ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်၍ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများဖြစ်သည့် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နေ သန့်ဇင်လင်း(ခ)မျက်နှာမဲ (၁၈)နှစ်၊ ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက်နေ ဇော်ထက်အောင်(ခ) ဆံရှည် (၃၀) နှစ်၊ မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နေ ကျော်သက်ဦး (၂၂)နှစ်၊ ဖြိုးကိုအောင်(၂၃)နှစ်၊ ထက်အောင်(ခ) သခေါ(၂၀)နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နေ နှင်းကလျာ (ခ) ပိုးလေး (၁၆)နှစ်တို့အား တူကီယဲနိုင်ငံထုတ် Zor-aki အမျိုးအစား ပစ္စတိုသေနတ်နှစ်လက်၊ ချက်စ်နိုင်ငံထုတ် CZ အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ၉ မမကျည် ၅၂ တောင့်၊ ပစ္စတိုကျည်အိမ် သုံးခု၊ ယမ်းဘူး ငါးဘူး၊ ဒေသန္တရလက်လုပ်မိုင်း ကိုးလုံး၊ ပစ္စတို အပစ်လက်ကိုင် တစ်ခု၊ လက်ကိုင်ဖုန်း သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။





လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ စောင့်ဆိုင်းနေစဉ် ချောင်းနှစ်ခွ – မုဒုံလမ်းကြောင်းအတိုင်း မသင်္ကာဖွယ်ရာ မောင်းနှင်လာသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦးအား ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်နေရာပြမြေပုံ။



PDF အကြမ်းဖက်အဖွဲ့ဝင်များ နေထိုင်ခဲ့သည့် ၅ ခန်းတွဲ အဆောက်အအုံကို တွေ့ရစဉ်။

အထက်ပါ ဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ဖမ်းဆီးရမိ PDF အမည်ခံ အကြမ်းဖက်သမား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦးတို့အား နယ်မြေခံ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိသည်။ အဆိုပါ ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူ နှစ်ဦးအနက် ဦးဟိန်းကိုဦး (၃၂) နှစ်သည် ဆေးကုသမှု ခံယူနေစဉ်အတွင်း ရရှိဒဏ်ရာများဖြင့် ည ၈ နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ PDF အမည်ခံ အကြမ်းဖက်သမားများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့/ရွာများ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာ အပျော်စီးဇိမ်ခံသင်္ဘောများကို ဂျပန်ဝင်ထွက်ခွင့်ပြုတော့မည်

**တိုကျို နိုဝင်ဘာ ၁၅**

ခရီးသွားဧည့်သည်များအတွက် နယ်စပ်ထိန်းချုပ်မှု ဖြေလျှော့ပေးရေးနှင့်အညီ ဂျပန်အစိုးရသည် ၎င်း၏ ဆိပ်ကမ်းများကို နိုင်ငံတကာ အပျော်စီးဇိမ်ခံ သင်္ဘောများအတွက် ပြန်လည်ဖွင့်လှစ်ပေးတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။




ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် အစုလိုက်ဖြစ်ပွားခြင်းကို တုံ့ပြန်ရန် ချမှတ်ထားသော ဆောင်ရွက်ချက်များကို လိုက်နာနေသမျှကာလပတ်လုံး သင်္ဘောများကို ဝင်ထွက်သွားလာခွင့် ပြုနေဦးမည်ဖြစ်ကြောင်း ခရီးသွားဝန်ကြီးဌာနက ပြောကြားလိုက်သည်။

သံသယဖြစ်ဖွယ်ဖျားနာမှုများကို သင်္ဘောပေါ်တွင် တွေ့ရှိပါက သင်္ဘောဆိုက်ကပ်ရပ်နားခြင်း မပြုခင် ကန့်သတ်မှုထိန်းချုပ်သည့် အရာရှိကို သတင်းပို့ရမည်ဖြစ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများနှင့် သီးသန့်ခွဲခြားနေထိုင်မှုများကို ပြုလုပ်ရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် တိုကျိုအနီး ယိုကိုဟားမား၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည့် ခရီးသွားများ လိုက်ပါလာသည့် သင်္ဘောတစ်စင်း ရပ်နားဆိုက်ကပ်ချိန်မှစပြီး နောက်ပိုင်းတွင် ဂျပန်နိုင်ငံသည် နိုင်ငံတကာ အပျော်စီးဇိမ်ခံသင်္ဘောများ ဆိုက်ကပ်ရပ်နားခြင်းကို တားမြစ်လိုက်သည်။

စီးပွားရေးလုပ်ငန်းများသည် သတ်မှတ်ထားသော ကျန်းမာရေးလမ်းညွှန်ချက်များကို လိုက်နာသွားမည်ဟု မျှော်လင့်ကြောင်း၊ သို့မှသာ ဂျပန်နိုင်ငံတွင် ပြည်သူများ ပျော်ရွှင်ဖွယ်သင်္ဘောခရီးစဉ်များကို စိတ်ချလက်ချစီးနိုင်မည်ဖြစ်ကြောင်း ခရီးသွားဝန်ကြီး ဆိုင်တို တက်ဆုအိုက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၅ ဦးရှိ

**မနီလာ နိုဝင်ဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၁၅ ရက်အထိ ကိုဗစ်-၁၉ ထပ်မံအတည်ပြု ကူးစက်ဖြစ်ပွားသူ ၁၀၇၁ ဦး တိုးလာသည်။ ယခုအခါတွင် အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်းမှာ ၄၀၂၀၂၄၀ ဖြစ်သည်။

နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၉၉၄၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ ထို့အတူ ကိုဗစ်-၁၉ နှင့်ဆက်စပ်ရောဂါများကြောင့် နောက်ထပ် ၁၅ ဦးထပ်မံသေဆုံးခဲ့သောကြောင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၆၄၄၂၀ ရှိသည်။

လူဦးရေ ၁၃ သန်းကျော် မှီတင်းနေထိုင်သော မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၁၆ ဦးရှိသည်။

ဇန်နဝါရီ ၁၅ ရက် တစ်ရက်တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၉၀၀၄ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး စံချိန်တင်ခဲ့သည်။

လူဦးရေသန်း ၁၁၀ နီးပါးရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးသူ ၇၃ ဒသမ ၇ သန်း ရှိသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ၂၀၂၁ ခုနှစ်အထိ ဆီးချိုရောဂါ ဝေဒနာခံစားနေရသူ ငါးသန်းနီးပါးရှိ

**ဟန်နွိုင်း နိုဝင်ဘာ ၁၅**

အဓိကအားဖြင့် ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များနှင့် ကိုယ်လက်အားကစားလှုပ်ရှားမှု နည်းပါးခြင်းတို့ကြောင့် ဗီယက်နမ်နိုင်ငံ၌ ၂၀၂၁ ခုနှစ်အထိ ဆီးချိုရောဂါဝေဒနာရှိသူ ငါးသန်းနီးပါးရှိကြောင်းနှင့် အဆိုပါပမာဏမှာ အရွယ်ရောက်လူဦးရေ၏ ခုနစ်ရာခိုင်နှုန်းခန့်နှင့် ညီမျှကြောင်း နိုဝင်ဘာ ၁၅ ရက်တွင် ဒေသတွင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

၂၀၂၁ ခုနှစ် စစ်တမ်းအရ ဗီယက်နမ်နိုင်ငံရှိ ဆီးချိုရောဂါဝေဒနာရှင် ၅၅ ရာခိုင်နှုန်းကျော်ခန့်သည် ယခုအခါတွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါဝေဒနာခံစားနေရသူ ၃၄ ရာခိုင်နှုန်း၊ အမြင်အာရုံနှင့် အာရုံကြောဆိုင်ရာ ရောဂါ ဝေဒနာခံစားနေရသူ ၃၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကျောက်ကပ်ရောဂါ ဝေဒနာခံစားနေရသူ ၂၄ ရာခိုင်နှုန်းအပါအဝင် နောက်ဆက်တွဲ ရောဂါဝေဒနာလက္ခဏာများ ခံစားနေရကြောင်း ပြည်တွင်းသတင်းစာ ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

လာမည့်နှစ်များ အတွင်း ဗီယက်နမ်နိုင်ငံရှိ ဆီးချိုရောဂါဝေဒနာရှင်အရေအတွက်နှင့် ကမ္ဘာတစ်ဝန်းမှ ဆီးချိုရောဂါဝေဒနာရှင်အရေအတွက်သည် မြင့်တက်လာဖွယ်ရှိကြောင်း ဗီယက်နမ်ကျန်းမာရေး ဒုတိယဝန်ကြီး ငုယင်သီလင်းဟောင်၏ အစီရင်ခံတင်ပြမှုကို ကိုးကား၍ အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

အမြန်စား အစားအစာ၊ ကာဗွန်နိတ်ပါဝင်သည့် အချိုရည်များကို စားသောက်မှုမြင့်မားခြင်းနှင့် လေ့ကျင့်ခန်းလှုပ်ရှားမှုနည်းပါးခြင်းတို့သည် ဆီးချိုရောဂါဖြစ်ပွားစေသည့် အကြောင်းရင်းများတွင် ပါဝင်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

တစ်နိုင်ငံလုံး စစ်တမ်းကောက်ယူမှုအရ အသက် ၃၀ နှင့် ၆၉ နှစ်ကြား ဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်းသည် ၂၀၀၂ ခုနှစ်တွင် ၂ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

**ဆင်ဟွာ**

ကျန်းမာရေးဝန်ထမ်းတစ်ဦးက ဆီးချိုရောဂါ စမ်းသပ်စစ်ဆေးမှု ပြုလုပ်စဉ်။



## အမေဇုန်က အလုပ်သမား ၁၀၀၀၀ ခန့် လျှော့ချသွားမည်

**နယူးယောက် နိုဝင်ဘာ ၁၅**




နည်းပညာကဏ္ဍတွင် နောက်ဆုံးကြုံတွေ့နေရသည့် အလုပ်နေရာလျှော့ချရေး လှိုင်းဂယက်ကြောင့် အမေဇုန်သည် အလုပ်သမား ၁၀၀၀၀ ခန့် လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။

အလုပ်လျှော့ချရေးကို ယခုသီတင်းပတ် အစောပိုင်းတွင် စတင်သွားမည် ဖြစ်ကြောင်း ခိုင်မာသော သတင်းရင်းမြစ်များကို ကိုးကားပြီးသည့် နယူးယောက်တိုင်းမ် သတင်းစာက ဖော်ပြထားသည်။

အလုပ်အကိုင် လျှော့ချခြင်းများကို Alexa voice assistant ဌာန၊ လက်လီရောင်းချမှုဌာနနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနများအပါအဝင် Amazon Devices အဖွဲ့အစည်းများကို အဓိကထား လုပ်ဆောင်သွားမည်ဖြစ်သည်။

လာမည့် လအနည်းငယ်အတွင်း ဝန်ထမ်းသစ်များ ငှားရမ်းခြင်းကို ရပ်နားသွားမည်ဖြစ်ကြောင်း အမေဇုန်က နိုဝင်ဘာလအစောပိုင်းကတည်းက ကြေညာထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အွန်လိုင်းဈေးရောင်းဈေးဝယ် မြင့်တက်လာသည့် ကိစ္စကို ဖြေရှင်းရန် အမေဇုန်သည် ၎င်း၏လုပ်သားအင်အားကို တိုးချဲ့ထားသည်။

သို့သော်လည်း နောက်ပိုင်းတွင် အမေဇုန်နှင့် တခြားနည်းပညာကုမ္ပဏီများသည် ကုန်ကျစရိတ်ကိုချုံ့နိုင်ရန် လုပ်သားအင်အားကို လျှော့ချလာကြသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံသို့ ဖေဖော်ဝါရီလနောက်ပိုင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု နှစ်သန်းကျော်လာ

**မနီလာ နိုဝင်ဘာ ၁၅**

ဖေဖော်ဝါရီလနောက်ပိုင်း ဖိလစ်ပိုင်နိုင်ငံသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှု နှစ်သန်းကျော်အထိ ရှိပြီး အဆိုပါခရီးသွားများထံမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံကျော်အထိ လက်ခံရရှိကြောင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီနာ ဖရက်စ်ဆိုက နိုဝင်ဘာ ၁၅ ရက်တွင် ပြောသည်။

နိုဝင်ဘာ ၁၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံသို့ ခရီးသွားဧည့်သည် ၂၀၂၅၄၂၁ ဦး လာရောက် လည်ပတ်ကြကြောင်း ခရီးသွားလုပ်ငန်းဦးစီးဌာန (ဒီအိုတီ) က ပြောသည်။ ခရီးသွားဝင်ရောက်မှုစုစုပေါင်း၏ ၁၄၈၇၃၄၃ ဦး သို့မဟုတ် ၇၃ ဒသမ ၄၃ ရာခိုင်နှုန်းသည် နိုင်ငံခြားသားများဖြစ်ပြီး ၅၃၈၀၇၈ သို့မဟုတ် ၂၆ ဒသမ ၅၇ ရာခိုင်နှုန်းသည် ပြည်ပရောက်ဖိလစ်ပိုင်လူမျိုးများဖြစ်ကြောင်း ဒီအိုတီက ဖော်ပြသောအချက်အလက်အရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိ ခရီးသွားဝင်ရောက်မှုမှ ဖိလစ်ပိုင်ပီဆို ၁၀၀ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံခန့်) ဝင်ငွေလက်ခံရရှိပြီး ယမန်နှစ် အလားတူကာလက ဖိလစ်ပိုင်ပီဆို ၄ ဒသမ ၉၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၆ သန်းနီးပါး) သာရှိသည့်အတွက် ၁၉၃၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဒီအိုတီက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ယခုနှစ်ကုန်တွင် ခရီးသွားဧည့်သည် ၂ ဒသမ ၄ သန်းခန့် ဝင်ရောက်ရန် ခရီးသွားလုပ်ငန်းဌာနအနေဖြင့် မျှော်လင့်ထားကြောင်း ဖရက်စ်ဆိုက ပြောသည်။

**ဆင်ဟွာ**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၅**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်နေ ရဲနိုင်ဦး(ခ) မိုဟာမက်ဘေလာသည် ၎င်းအသုံးပြုသည့် “Ye Naing Oo” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကူမြို့နယ် စီသော်ကျေးရွာအတွင်းရှိ နေအိမ်များအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၅**
ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသော်ကျေးရွာအတွင်းရှိ နေအိမ်များအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နိုဝင်ဘာ ၁၃ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် စီသော်ကျေးရွာအနီးသို့ ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ မြောက်ဘက်နှင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာရာ လမ်းတစ်လျှောက်ရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း နေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင်ကျွန်းသစ်၊ ဓာတ်မြေဩဇာ၊ မိုဘိုင်းဖုန်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၂၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် အင်းတော်မြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၀၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၁၇ မိုင် ၃ ဖာလုံတွင် လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၄၀၀၀၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် Foton Truck အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဓာတ်မြေဩဇာအိတ် ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိသည့်ပစ္စည်းများကို တွေ့ရစဉ်။

အလားတူ နိုဝင်ဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မိုဘိုင်းဖုန်း(အဟောင်း) ၃၄ လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီ-ဘားအံ-ရန်ကုန်သွားကားလမ်း ပဲခူးစက်မှုဇုန်ရှေ့တွင် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၀၉၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်တစ်တွဲနှင့် Cheng Long Tractor Head အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁၃၄၀၉၁၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တောင်ကြီးမြို့ (၄)မိုင် သစ်တောပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ နိုဝင်ဘာ ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကြာဆံအပြာဖာ ၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်ခွဲသား ၁၉ ဒသမ ၇၅၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၆၆၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၃၆၄၇၅၃၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၄ ရက် ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

(၁၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၁၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၄၉,၀၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၈၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၁၄၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၄) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံခောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၆၅ | ၂၉၂၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၈၀ | ၂၈၉၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၂ | ၂၀၃၄ |
| 95 Ron | ၂၀၈၂ | ၂၁၅၇ |
| HSD (500 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (50 ppm) | ၂၅၅၀ | ၂၆၃၁ |
| HSD (10 ppm) | ၂၅၅၀ | ၂၆၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အလေ့အထမှသည် ဝါသနာ၊ ဝါသနာမှသည် ကောင်းသောစရိုက်သို့

**လူတို့၏ နေ့စဉ်နေထိုင်မှုပုံစံတွင် ပုံမှန်လမ်းလျှောက်ခြင်းကို အားပေးသင့်ကြသည်။ ပြုကျင့်ရမည့် နေ့စဉ်အလေ့အထတစ်ခုအဖြစ် ဝီရိယထား၊ အလေးထား ကြိုးစားသင့်ကြသည်။ လေ့ကျင့်ခန်းမျိုးစုံရှိသော်လည်း အသက်အရွယ်အရ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းကဲ့သို့ မိမိကျန်းမာရေးအတွက် လုံခြုံမှု၊ စောင့်ရှောက်မှု အပြည့်အဝပေးနိုင်သည့် လေ့ကျင့်ခန်းမျိုးမရှိဟု မြင်ပါသည်။ နံနက်စောစော နာရီဝက်ခန့် လမ်းလျှောက်ပြီးစီးသည်နှင့် ပြုလုပ်ရမည့် တစ်နေ့တာ နိစ္စဓူဝကိစ္စများ ပြီးမြောက်အောင်မြင်အောင် လုပ်နိုင်စွမ်းပိုရှိလာသည်။**

ဒေါက်တာ မြတ်မိုး



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ပြည်မြို့ရှိ ဌာနဆိုင်ရာများစုပေါင်း၍ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်မှုများ ဆောင်ရွက်စဉ်။

အလုပ်ကို တွန်းအားပေးသည့် ရုပ်ပိုင်း၊ စိတ်ပိုင်း စွမ်းအားများ မိမိထံ ကိန်းအောင်း လာသည်မှာလည်း လမ်းလျှောက်ခြင်း၏ အကျိုးရလဒ်တစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် လမ်းလျှောက်ချင်စိတ်လေးတစ်ခုကို မိမိကိုယ်မိမိ ဦးစွာပျိုးထောင်ပေးစေလိုသည်။ ဘယ်လိုမှ မအားဘူးဆိုလျှင်တောင် နံနက်စောစော မိနစ် ၃၀ ခန့် ကြိုတင်အိပ်ရာမှထပြီး လမ်းလျှောက်ရန် အချိန်လေး တစ်ခု၊ လမ်းလျှောက်ခြင်းဖြင့် တစ်နေ့တာဘဝ ခရီးစတင်ရန် အခွင့်အလမ်းတစ်ခုကိုတော့ ထားရှိစေချင်ပါသည်။

## တစ်ရက်လျှင် ခြေလှမ်းတစ်သောင်း လျှောက်ကြည့်ပါ

အခွင့်အရေးမသာသည့်ကြားမှ ဂရုစိုက်၍ နေ့စဉ် အကွာအဝေးအတိုများစွာကို Small walks အကြိမ်ပေါင်းများစွာ လျှောက်တတ်သည့် အလေ့အထသည်ပင် များစွာထိရောက်လှပါသည်။ သုတေသီတွေက ဆိုထားတာရှိသည်။ တစ်နေ့ တစ်နေ့ ခြေလှမ်း ၁၀၀၀၀ လှမ်းလျှောက်နိုင်အောင် ကြိုးစားလေ့ကျင့်ရန်နှင့် တစ်ရက်ကို ၁၀ မိနစ်ခန့်၊ တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် ခပ်ပြင်းပြင်းလေး brisk walks (တစ်နာရီလျှင် သုံးမိုင်နှုန်းခန့် လမ်းလျှောက်ပေးရုံဖြင့် မိမိတို့ကို အကြီးအကျယ် ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် အသံတိတ်လူသတ်သမားများဖြစ်သော ဆီးချိုနှင့် သွေးတိုးရောဂါအန္တရာယ်ကို သိသိသာသာ လျှော့ချပေးနိုင်သည်ဟု ဆိုပါသည်။ သို့သော် ထိုတွေ့ရှိချက် အချို့သည် လမ်းလျှောက်ခြင်း၏အကျိုးကြောင့် ထိုရောဂါများမှ ကင်းဝေးနေသူများအတွက်တော့ အထူးအဆန်း တွေ့ရှိချက်များ မဟုတ်တော့ပါ။

## လမ်းလျှောက်ရန်အခွင့်အရေး ဘယ်လို ဘယ်အခြေအနေမှာ ရယူသင့်ပါသလဲ

လမ်းလျှောက်ရာတွင် အချိန်မပေးနိုင်သူ သို့မဟုတ် စိတ်မပါသူများအတွက်တော့ သူငယ်ချင်းအဖော်လိုကောင်း လိုပါလိမ့်မည်။ ထို့အတွက် လမ်းလျှောက်ရတာ ဝါသနာပါသည့် မိတ်ဆွေ သို့မဟုတ် လမ်းလျှောက်အုပ်စုများနှင့် ဆက်သွယ်မှုယူနိုင်ပါသည်။ တချို့ကလည်း အိမ်မွေးခွေးကလေး အဖော်ပြု၍၊ တချို့ကလည်း နားကြပ်နှင့် ကိုယ်နှစ်သက်ရာ သီချင်းဂီတ ဘာသာစကားတစ်ခုခု စသည်ဖြင့် အကျိုးရှိစွာ တွဲဖက်လိုက်လျှင် လမ်းလျှောက်ရတာ စိတ်ဝင်စားစရာကောင်းလာပါလိမ့်မည်။ အချိန်ပေးနိုင်မည်ဆိုလျှင်... သွားစရာရှိသည့် ဈေးဝယ်သွားတာမျိုး မနီးမဝေးဈေးဆိုင်မျိုး၊ ဘတ်စ်ကားဂိတ်၊ ဘူတာရုံမျိုးဆိုလျှင် လမ်းပဲလျှောက်ရန် အကြံပေးချင်သည်။

ရုံးဝန်ထမ်းများရော၊ အလုပ်သမားများအတွက်ပါ သိပ်မဝေးသည့် လုပ်ငန်းခွင်မျိုး သို့မဟုတ် ဝေးကွာ၍ ဖယ်ရီကြိုပို့ယာဉ်စီးရလျှင်လည်း မိမိအိမ်နှင့် လုပ်ငန်းခွင်ကြား ခရီးအကွာအဝေး တစ်စိတ်တစ်ဒေသကို အကျိုးရှိစွာ လမ်းလျှောက်လိုက်ခြင်းဖြင့် အဆင်ပြေနိုင်ပါသည်။ ဌာနတစ်ခုမှ တစ်ခုသို့ မေးလ်ပို့ရမည့်ကိစ္စမျိုးဆိုလျှင် မေးလ်ပို့မည့်အစား လူကိုယ်တိုင်လမ်းလျှောက် စာဖြင့်ပို့ လူချင်းတွေ့ နှုတ်ဖြင့် ပြောဆိုလိုက်ခြင်းဖြင့် လမ်းကြောင်းအတိုလေးများတွင် (Mini walks) သဘော အလုပ်ဖြစ်သွားမည်ဖြစ်သည်။

တချို့ကိစ္စလေးများတွင် ကွန်ပျူတာရှေ့ ကြာရှည် စာရိုက်ရသည့်အလုပ်မျိုး မလှုပ်မရှား အထိုင်များခြင်း (Sedentary lifestyle) ထက် နှုတ်ဖြင့် တိုက်ရိုက် ပြောဆိုဆွေးနွေးဖို့ လမ်းလျှောက်လိုက်ရသည့် လှုပ်ရှားမှုမျိုးက မိမိကျန်းမာရေးအတွက် ပို၍ အကျိုးရှိနိုင်ပါသည်။ အချိန်တော့ အနည်းငယ်ပေး ရကောင်းပေးရနိုင်သည်။ ပေးလိုက်ရသည့်အချိန်ကို မိမိရလိုက်သည့် ကျန်းမာရေးအကျိုးကျေးဇူးများဖြင့် ချိန်ဆကြည့်လျှင် တန်သည်ဟု ဆိုနိုင်ပါသည်။

တစ်ခါတစ်ရံ အချိန်ပေးနိုင်သည့် ကိစ္စရပ်များမှာ လမ်းကြောင်းခပ်ရှည်ရှည်ရွေးပြီး လမ်းလျှောက်သည့် အခွင့်အရေးကို အရယူခြင်းဖြင့်လည်း သီးသန့်အချိန်ပေး လမ်းလျှောက်ရမည့်အချိန်ကို လျှော့ချနိုင်ပါသည်။ ဥပမာ– Car Parking မှာ လမ်းလျှောက်ရန် အခွင့်အလမ်းသာမည့် အကွာအဝေးမှာ မိမိကားကို ရပ်ထားခြင်းမျိုး။ ဓာတ်လှေကား သုံးမည့်အစား လှေကားမှတစ်ဆင့် အတက်အဆင်းလုပ်ခြင်းမျိုးဖြစ်သည်။ အချို့မှာ ခြေလှမ်း တိုင်းကိရိယာ/ နာရီ Health watch လေးတွေ ဝတ်ဆင်ပြီး မိမိ၏ခြေလှမ်း မည်ရွေ့မည်မျှတိုးတက်မှုကို စောင့်ကြည့်စိစစ်ကြသည်လည်း ရှိသည်။ ပိုသေချာသည်မှာ လမ်းလျှောက်မည်ဆိုသည့် အလေ့အထတစ်ခုကို နေ့စဉ်မိမိ၏ အချိန်ဇယားတွင် မဖြစ်မနေလုပ်ရမည့် အရေးကြီးလုပ်ငန်းအစီအစဉ် တစ်ခုအဖြစ် ရေးဆွဲထားသည့် အလေ့အကျင့်မျိုး ထားရှိသင့်ပါသည်။

## အချိန်ရှိတုန်း အခြေအနေပေးတုန်း ကြိုးစားပါ

အထက်ပါအလေ့အထများကား အချို့သူများအတွက် အထူးအဆန်းဖြစ်ကောင်း ဖြစ်နိုင်သော်လည်း မိမိကျန်းမာရေးအတွက် အလေးထား စိုးရိမ်စိတ်ပူတတ်သည့် အချို့သူများအတွက်တော့ အချိန်မရသည့်ကြား၊ လမ်းလျှောက်ရန် အခွင့်အလမ်းမသာသည့်ကြားက အလေ့အထကောင်းတစ်ခုအဖြစ် ကြံဖန်စဉ်းစားဆောင်ရွက်တတ်ကြသည်ကို တွေ့ဖူးကြပါလိမ့်မည်။ အဓိကက မိမိနှင့် မိမိပတ်ဝန်းကျင် ကျန်းမာရေးအတွက်သာ ဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး၊ ကျန်းမာခြင်းထက် ပို၍ တန်ဖိုးထားအပ်သောအရာ ဘာမှမရှိဟု ဆိုကြသည်။ ရောဂါဘယပေါင်းစုံခံစားရပြီး သက်တမ်းမစေ့မီသေဆုံးသူအရေအတွက်က များလာနေသည်။ နှစ်စဉ် လူ ၄၁ သန်းခန့်သည် နှလုံးသွေးကြော၊ ဆီးချို၊ ကင်ဆာ၊ အဆုတ်ရောဂါများကြောင့် သေဆုံးနေကြရသည်။ ခြေထောက်တွေကောင်းတုန်း၊ ဒူးတွေကျန်းမာတုန်း၊ ကြွက်သားတွေသန်တုန်း မြန်တုန်း အချိန်ကောင်းတုန်းမှာ စရိုက်ကောင်း တစ်ခုကို ပိုင်ဆိုင်ထားမှသာ ယနေ့ခေတ်ရောဂါများနှင့် ယှဉ်လျှင် တော်ကာကျပေမည်။ အဝလွန်၊ ဆီးချို၊ နှလုံး၊ သွေးတိုး၊ လေဖြတ်စသည့် ရောဂါဆိုးများ တစ်ခုခုကြုံရတော့မှ အရေးပေါ်ထပြီး လမ်းလျှောက်ရန် ကြိုးစားလျှင်ဖြင့် နောက်ကျသွားမည်ဖြစ်ကာ ပို၍ ခက်ခဲသော အခြေအနေများနှင့်သာ ရင်ဆိုင်ရတော့မည်ဖြစ်ပါသည်။

ဘာကြောင့်များ လေ့ကျင့်ခန်း အမျိုးမျိုး အပြားပြားအနက် ထိုလမ်းလျှောက်ခြင်းတစ်ခုကို ပို၍ညွှန်းဆိုနေရပါလိမ့်မှ မေးစရာတော့ရှိမည်။ အလွန်တရာလွယ်ကူပြီး ကရိကထလည်းမများ အကူလေ့ကျင့်ခန်း ပစ္စည်းကိရိယာတန်ဆာပလာပင် ထူးထူးထွေထွေ မလိုသည့်အတွက် ဖြစ်သည်။ အရင်းအနှီး မများလှသည့် လမ်းလျှောက်ခြင်းကိုပင် မပြုနိုင်သူသည် အခြားအားကစားနည်းများကို လိုက်စားရန်မှာလည်း အခွင့်အရေး မရှိနိုင်ဟု မြင်မိသည်။ လမ်းလျှောက်ခြင်းဆိုသည့် အလေ့အထ တစ်ခုတည်းဖြင့်ပင် အကျိုးကျေးဇူးကား အလွန်များလှသည်။

## စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုနှင့် စိတ်ကျန်းမာရေး

သင့်ရဲ့တစ်နေ့တာခရီးကို ပျော်ပျော်ရွှင်ရွှင်နဲ့ စတင်လိုပါသလား။ နံနက်စောစောအချိန်တစ်ခုကို လမ်းလျှောက်ခြင်းဖြင့် စတင်လိုက်ပါလို့ အကြံပြုပါရစေ၊ တကယ်လည်း အခြားအချိန်များထက် မနက်ခင်းလမ်းလျှောက်ဖို့ကို ပညာရှင်များက အကြံပြုကြသည်။ လမ်းလျှောက်စဉ်မှာ ဦးနှောက်ရှိ အင်ဒိုဖင် (endorphins) ခေါ် အာရုံကြောဆိုင်ရာ ဓာတုဟော်မုန်းများထွက်ရှိမှုကို အားကောင်းလာစေသည်။ ထိုဓာတုပစ္စည်းက လမ်းလျှောက်ထားသူ၏ တစ်နေ့တာ စိတ်ပိုင်းကြည်လင်ပြတ်သားမှုကို ရရှိစေသည်။ လုပ်ငန်းခွင်မှာ တက်တက်ကြွကြွဖြင့် အာရုံစူးစိုက်မှုကောင်းစေကာ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု၊ ယုံကြည်မှုများ တိုးတက်လာမှုနှင့်အတူ တီထွင်ဖန်တီးနိုင်စွမ်းကိုလည်း ပေးပါသည်။ စိတ်ဖိစီး စိုးရိမ်သောကနှင့် စိတ်ဓာတ်ကျဆင်းနေမှုများကို လျှော့ချပေးသည့်အတွက် အယ်လ်ဇိုင်းမားအပါအဝင် စိတ်ကျန်းမာရေးကို အထောက်အကူဖြစ်သလို ခန္ဓာကိုယ်နာကျင်မှု တစ်စုံတစ်ရာကိုလည်း သက်သာစေသည်ဟု ဆိုပါသည်။

## ကိုယ်ခံစွမ်းအားကိုလည်း တိုးတက်မြင့်မားစေ

ထိုဓာတုပစ္စည်းများက သွေးတွင်းသွေးဖြူဥများ၏ လှုပ်ရှားမှုကို အားကောင်းစေသည့်အခါ ခန္ဓာခုခံစွမ်းအားလည်း မြင့်တက်လာပါသည်။ အင်ဒိုဖင်ဟော်မုန်း၏ စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်စွမ်းသတ္တိတစ်မျိုးက မိမိ၏ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသည်ဟု ဆိုထားသည့်အတွက် ယနေ့လိုကာလမျိုး ကိုဗစ်အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်၊ ကိုယ်ခံစွမ်းအားမြင့်မားရန်လိုအပ်နေသည့်အခြေအနေမျိုးမှာ ဆိုလျှင် လမ်းလျှောက်ခြင်းကို ပို၍အာရုံစိုက်သင့်သည်ဟု ဆိုချင်သည်။

ယခုခေတ် ကိုဗစ်ဖြစ်ပြီးလူနာများ ခုခံစွမ်းအား မြင့်မားရန် လိုအပ်နေသည့် အခြေအနေမျိုးတွင် နေ့စဉ်လမ်းပုံမှန်လျှောက်ပေးခြင်းက ကိုဗစ်နောက်ဆက်တွဲဝေဒနာများကို ပို၍ သက်သာစေသည်ဟု သုတေသနပြုချက်များက တွေ့ရှိထားသည့်အတွက် ကိုဗစ်ဖြစ်ပြီး လူနာများကို လမ်းလျှောက်ကြရန် တိုက်တွန်းလိုပါသည်။ ထို့ပြင် လူကြီး လူငယ်မရွေး လူတိုင်းက အရေပြားကျန်းမာရေးကို ဂရုစိုက်ကြသည်။ အရွယ်နှင့်ယှဉ်၍ နုနယ်ပျိုမျစ်ခြင်းကို လမ်းလျှောက်ခြင်းက အထောက်အကူပေးပါသည်။ အကြောင်းမှာ ကိုယ်လက်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည့် ခန္ဓာဆဲလ် အက်တမ်ဖြစ်စဉ်များမှတစ်ဆင့် အီလက်ထရွန်ဆုံးရှုံးမှုကို ကာကွယ်ပေးသည့် အင်တီအောက်ဆီဒင့်များ တိုးပွားလာသည့်အတွက် ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့

> ❍ **တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် ခပ်ပြင်းပြင်းလေး brisk walks (တစ်နာရီလျှင် သုံးမိုင်နှုန်းခန့် လမ်းလျှောက်ပေးရုံဖြင့် မိမိတို့ကို အကြီးအကျယ် ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် အသံတိတ်လူသတ်သမားများဖြစ်သော ဆီးချိုနှင့် သွေးတိုးရောဂါအန္တရာယ်ကို သိသိသာသာ လျှော့ချပေးနိုင်သည်ဟုဆို**
>
> ❍ **ကိုဗစ်ဖြစ်ပြီးလူနာများ ခုခံစွမ်းအားမြင့်မားရန် လိုအပ်နေသည့် အခြေအနေမျိုးတွင် နေ့စဉ်လမ်းပုံမှန်လျှောက်ပေးခြင်းက ကိုဗစ်နောက်ဆက်တွဲဝေဒနာများကို ပို၍ သက်သာစေသည်ဟု သုတေသနပြုချက်များက တွေ့ရှိထား**

## မြန်မာ-ထိုင်း (ကော့သောင်း- ရနောင်း)နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာများဆွေးနွေး

**ကော့သောင်း နိုဝင်ဘာ ၁၅**

ပထမအကြိမ် မြန်မာ-ထိုင်း (ကော့သောင်း-ရနောင်း) နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးအစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်က ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဒုတိယဌာနကြီးမှူး ရဲမှူးကြီးကျော်ဇေယျ၊ ရနောင်းမြို့နယ် အုပ်ချုပ်ရေးမှူး နိုင်ပရာကာစစ် ဖော်ပရာစစ်နှင့် ထိုင်းနိုင်ငံသံရုံး (ရန်ကုန်)ထိုင်းရဲဆက်ဆံရေးသံမှူး၊ ရနောင်းခရိုင် ရဲမှူးကြီး ချေ့ဖုန်ချီယူပရီချာတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာ- ထိုင်း (ကော့သောင်း- ရနောင်း)နှစ်နိုင်ငံနယ်စပ် ဆက်ဆံရေးရုံးအဖွဲ့ဝင်များ အပြန်အလှန်မိတ်ဆက်ကြပြီး နှစ်နိုင်ငံနယ်စပ် ဆက်ဆံရေးရုံး အဖွဲ့ဝင်ဌာနဆိုင်ရာ အဖွဲ့အစည်းများ မှ တာဝန်ရှိသူများက နှစ်နိုင်ငံနယ်စပ်ဒေသအကြား ဖြစ်ပွားလေ့ရှိသည့် နယ်စပ်ဖြတ်ကျော်မှုခင်းတားဆီး နှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် တင်ပြဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ အစည်းအဝေး၌ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသများအကြား တရားမဝင်လမ်းကြောင်း များမှ အပြန်အလှန်ဝင်ရောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါး ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ် ဒေသတစ်လျှောက် ဖြစ်ပွားလေ့ရှိသည့် ဒုစရိုက်မှုခင်း နှိမ်နင်းမှုဆိုင်ရာများ၊ နယ်စပ်ဖြတ်ကျော်လူမှောင်ခို နှင့် လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ များအတွင်း အကြမ်းဖက်အဖွဲ့များ ရှာဖွေဖော်ထုတ် ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ အတွင်း နေထိုင်သည့် ပြည်သူများ၏ လူမှုဘဝများ အေးချမ်းသာယာရေး အတူတကွ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ကြမည့်လုပ်ငန်းဆိုင်ရာများ၊ နှစ်နိုင်ငံ ဆက်ဆံရေးရုံးများအကြား အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းများ အပါအဝင် လုပ်ငန်းလိုအပ်ချက်များ၊ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

## တောင်ဥက္ကလာပမြို့နယ်၌ သတင်းမှား၊ သတင်းမှန် ခွဲခြားသုံးသပ်နိုင်ရေး အသိပညာပေးဆွေးနွေး



**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ သတင်းမီဒီယာ ကောင်စီနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော သတင်းမှား၊ သတင်းမှန် ခွဲခြားသုံးသပ်နိုင်စေရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံနှင့် ကောင်စီဝင် ဦးနေထွန်းဝင်းတို့က ကျောင်းသား ကျောင်းသူများအား သတင်းမှား၊ သတင်းမှန် ခွဲခြားသုံးသပ်တတ်စေရန်နှင့် သတင်းတစ်ခုကို စိတ်ခံစားချက်လိုက် မယုံကြည်ဘဲ သေချာစိစစ်တတ်စေရန်၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က အမှားအမှန် ဆုံးဖြတ်ပိုင်းခြားနိုင်ရေးအတွက် စာပေအသိရှိရန် လိုကြောင်းနှင့် စာပေကဗျာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးမှ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀၀ နှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အင်ကြင်း**
**(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

### နှလုံးသွေးကြောရောဂါဖြစ်ပွားမှု လျော့ပါးနိုင်ခြေ

ထို့ပြင် နံနက်ပိုင်းမှာ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာတွင်းကထုတ်လုပ်လိုက်သည့် ဒိုပါမင်း၊ နော်အပီနက်ဖရင်၊ ဆီရိုတိုနင်စသည့် ဓာတုဟော်မုန်းများက အစာစားချင်စိတ် တောင့်တမှုကိုဖြစ်စေပြီး ညဘက်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မှုကိုဖြစ်စေသည်။ အက်ဒရီနလင်ဟုခေါ်သည့် ဟော်မုန်းတစ်မျိုးလည်းရှိသေးသည်၊ သူကတော့ နှလုံးညှစ်အားကို လှုံ့ဆော်မှုပေးပြီး သွေးကြောမျှင်များပွင့်၍ သွေးစီးဆင်းမှုကို အားကောင်းလာ စေသည်။ သွေးစီးသွေးလာကောင်းရုံမက အသက်ရှူခြင်းကိုလည်းအားပေးသည်။ ပြင်ပလေကို ရှူရှိုက်ပြီး ခြေလှမ်းမြန်မြန်လျှောက်လေ အသက်ရှူပြင်းလေ၊ သွေးတွင်း အောက်ဆီဂျင်ကိုပိုရလေဖြစ်ပြီး နှလုံးကို ပို၍အားကောင်းစေသည့်အပြင် အဆုတ်ကိုလည်း ပို၍သန်မာစေပါသည်။ ဓာတုဟော်မုန်းအချို့ကြောင့် သွေးတွင်းအောက်ဆီဂျင် ပမာဏမြင့်တက်လာခြင်းသည် ခန္ဓာကိုယ်စွမ်းအင်ကိုလည်း တိုးတက်မြင့်မားလာစေပါသည်။ ခန္ဓာကိုယ်မှာရှိနေသော ချွေးဂလင်းသန်းပေါင်းများစွာက ထုတ်လိုက်သည့်ချွေးကြောင့် ကိုယ့်ခန္ဓာ၏ အပူချိန်အတက်အကျကို ထိန်းညှိပြီး ဖြစ်သည်ကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြစ်မှာကို လူတိုင်းကြောက်ရွံ့ကြသော်လည်း ပုံမှန်လမ်းလျှောက်ခြင်းက ယင်းရောဂါများဖြစ်နိုင်သည့် အန္တရာယ်ကို လျော့ပါးသွားစေသည်ကတော့ သေချာပါသည်။ လမ်းလျှောက်စဉ် သွေးလည်ပတ်မှု အားကောင်းနေပြီး နှလုံးခုန်နှုန်းမြန်ကာ သွေးဖိအားကို လျော့ကျလာစေသည်။ နှလုံးကျန်းမာရေး တိုးတက်လာသလို သွေးတွင်းအဆီပမာဏကလည်း လျော့ကျသွားသည်။ အကျိုးပြု အဆီပမာဏကို ပိုများလာစေပြီး အကျိုးမပြုအဆီပမာဏကို ဖယ်ရှားပေးနိုင်ခြင်းသည် လမ်းလျှောက်ခြင်း၏ ရလဒ်တစ်ခုပင်ဖြစ်သည်။ သွေးလည်ပတ်မှု အားကောင်းပြီး ရှိသင့် ရှိထိုက်သော ခန္ဓာတွင်း အဆီ ပမာဏ ပုံမှန်ရှိနေခြင်းသည် နှလုံးသွေးကြောကျဉ်း/ပိတ်ရောဂါနှင့် လေဖြတ်သည့် အန္တရာယ်ကို များစွာ လျော့ပါးသွားစေသည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။

### အရိုးအဆစ်ကြွက်သားများကိုလည်း သန်မာစေ

လမ်းလျှောက်ခြင်းက အရိုးအဆစ်များကို ပို၍ သန်မာစေပါသည်။ အစားထိုး ခန္ဓာတစ်သျှူးများ ဖြစ်ထွန်းမှုနှင့်အတူ ကယ်လဆီယမ်လျော့နည်းလာမှုကို တားဆီးပေးနိုင်ခြင်းက အရိုးကိုပို၍ သိပ်သည်းစေပြီး နောင်တွင် အရိုးပွရောဂါဖြစ်မည့်ဘေး၊ အရွယ်အိုပေါင်ရိုးကျိုးခြင်းဘေးများမှ ရှောင်ရှားနိုင်ပါသည်။ လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်အောက်ပိုင်းကို ပို၍သန်မာစေပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ တစ်ခုနှင့်တစ်ခု ဟန်ချက်ညီနေရန် အကူအညီပေးနေသကဲ့သို့ လမ်းလျှောက်သည့်အခါ အရိုးအဆစ် တစ်ခုနှင့် တစ်ခုအကြား ချောဆီကို အားဖြည့်ပေးသလိုဖြစ်သည့်အတွက် အရိုးကျီးပေါင်းနှင့် အဆစ်များ ရောင်ရမ်းနာကျင်ခြင်းကိုလည်း များစွာ လျော့ပါးသက်သာစေသည်ဟု ဆိုပါသည်။ နာတာရှည်လူနာများ ပြန်လည်နာလန်ထရေး အစီအစဉ်မှာလည်း လမ်းလျှောက်လေ့ကျင့်ခန်းက မပါမဖြစ်ပါ။ အထူးသဖြင့် အဆစ်အစားထိုး ကုသခံထားရသူများ၊ လေဖြတ်ဝေဒနာရှင်များ၊ အချို့သော နှလုံးရောဂါသည်များ၊ သွေးပြန်ကြောထုံးလူနာများအတွက် လမ်းလျှောက်ပေးခြင်းက လူနာကို ပို၍ တည်ငြိမ်မှုရှိစေပြီး ပိုပြီးလည်းနာလန်ထမြန်စေသည်ကို တွေ့ရှိရပါသည်။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်သည်မိသားစုဝင်များ လူထုစုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။

### အဝလွန်ခြင်းနှင့် သွေးတွင်းအချိုဓာတ်ပမာဏကို ထိန်းညှိပေးနိုင်

မိမိကိုယ်ခန္ဓာအလေးချိန်ကို ထိန်းထားရန်၊ ကိုယ်အလေးချိန်တက်နေပြီး အဝလွန်၍ ကိုယ်အလေးချိန်ကို လျှော့ချရန် လိုအပ်ချက်နှင့် လမ်းလျှောက်ခြင်း ဆက်စပ်မှုရှိသည်ကို အတော်များများက သိရှိထားပြီးဖြစ်သည်။ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် လျော့ကျပြီး အဆီထုထည်ကိုပါ လျော့ကျသွားစေခြင်းက အင်ဆူလင်၏တုံ့ပြန်မှုကို ထိန်းညှိနိုင်ပြီး ဆီးချို အမျိုးအစား ၂ မဖြစ်အောင်ကြိုတင်ကာကွယ်ကုသမှုကို ထိရောက်စေပါသည်။

မိမိကိုယ်အလေးချိန်ကို မိမိကိုယ်တိုင် ထိန်းသိမ်းပြီး အစားအသောက်၊ လေ့ကျင့်ခန်းနှင့် နေ့စဉ်နေထိုင်မှုပုံစံကို စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်းရှိခြင်းသည် ကိုယ်အလေးချိန်တက်၍ သွေးတွင်း အချိုဓာတ်ပမာဏမြင့်မားခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာသော ဆီးချိုရောဂါအပါအဝင် နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများစွာကို ကြိုတင်ကာကွယ်မှု ပြုနိုင်ပါသည်။ ကိုယ်အလေးချိန် ထိန်းသိမ်းရန်အတွက် ကယ်လိုရီများများ လောင်ကျွမ်းစေရန် ရည်ရွယ်ချက်ရှိသည်ဆိုလျှင် လမ်းလျှောက်သည့် အမြန်နှုန်း၊ အကွာအဝေး၊ မြေပြင်အနေအထား များအပေါ် တွက်ချက်လျှောက်လှမ်းသင့်သည့် လိုအပ်ချက်များလည်း ရှိလာနိုင်ပါသည်။

လမ်းလျှောက်ခြင်းအတွက် သုတေသနတွေ့ရှိချက်အမျိုးမျိုးလည်း ထွက်ပေါ်နေသည်။ မျိုးရိုးဗီဇ အဝလွန်သူများအတွက်မူ တစ်နေ့လျှင် တစ်နာရီခန့်ထိ ခပ်ပြင်းပြင်းလမ်းလျှောက်ရန်၊ လမ်းလျှောက်ခြင်းက သွားရောဂါမဖြစ်အောင် ကာကွယ်နိုင်ပုံ၊ ရင်သားကင်ဆာဖြစ်နိုင်ခြေ လျှော့ချနိုင်ပုံ၊ အစာကြေချက်ခြင်းကို ကူညီပုံ၊ တစ်ပတ်လျှင် ငါးမိုင် ခြောက်မိုင်ခန့် လမ်းလျှောက်ခြင်းဖြင့် အဆစ်ရောင်နာကျင်မှုကို လျှော့ချနိုင်ပုံ စသည် စသည် အသစ်တွေ့ရှိမှုများကိုလည်း ဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုဆောင်းပါးရေးနေစဉ် မကြာမီကာလမှာပင် ဒီဇင်ဘာလူထု လမ်းလျှောက်ပွဲများလည်း ပျော်ရွှင်စွာ ဆင်နွှဲကြတော့မည်ဟု ယူဆရပါသည်။ တစ်နှစ်မှာတစ်လ၊ တစ်လမှာ တစ်ပတ်တစ်ကြိမ် လူထုနှင့်အတူ ပါဝင်ဆင်နွှဲ၍ လမ်းလျှောက်ခြင်းဟူသည် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးနှင့် အရသာကို အမြည်းသဘောပေးလိုက်ခြင်းသာ ဖြစ်သည်။ အလေ့အကျင့်ကောင်းတစ်ခုကို အစပျိုးပေးလိုက်ခြင်းလည်း ဖြစ်သည်။

အနှစ်သာရမှာ လမ်းလျှောက်ခြင်း၏ အကျိုးတရားများကို အပြည့်အဝသိရှိ နားလည်၍ မိမိ၏ ရုပ်ပိုင်းစိတ်ပိုင်း ကျန်းမာသန်စွမ်းမှုနှင့်အတူ နောင်မလွဲမသွေ ဖြစ်လာနိုင်ခြေများသည့် အနာရောဂါဘေးဘယာများ ကင်းဝေးသွားစေရန်သည်သာ အဓိကဖြစ်ပါသည်။ လမ်းလျှောက်ခြင်းတစ်ခုဖြင့်ပင် သက်တမ်းမတိုင်မီ သေဆုံးနေရသည့် အဓိကတရားခံများကို ကောင်းစွာထိန်းချုပ်နိုင်သည်ဟူသော အသိတရားသည် အရေးကြီးပါသည်။ အသိနှင့်ယှဉ်သောအလုပ်မှန်သမျှ ကောင်းမွန်ပြီး အကျိုးရှိမည်သာဖြစ်သည်။ လူထုနှင့်အတူ ပါဝင်လမ်းလျှောက်ဖြစ်လျှင်လည်း တာဝန်အရ သဘောမထားဘဲ မိမိကျန်းမာရေးအတွက် အဖြေသည် မိမိမှာသာရှိသည်ဆိုသော အသိနှင့်ယှဉ်သည့် အလေ့အထဖြစ်လာအောင် နေ့စဉ်ပုံမှန်ပြုသည့် လေ့ကျင့်မှုမျိုး ဖြစ်လာစေရန် ကြိုးစားသင့်ပါသည်။ အလေ့အကျင့်တစ်ခုက ဝါသနာကိုဖြစ်စေပါသည်။

လမ်းလျှောက်ခြင်းကို ဝါသနာပါလာလျှင် မိမိနှင့် မိမိပတ်ဝန်းကျင် ကျန်းမာရေးကိုပါ ဂရုစိုက်တတ်သည့် စရိုက်ကောင်းများ ပိုမိုဖွံ့ဖြိုးဖြစ်ထွန်းလာမည်ဖြစ်ပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ ပျော်ရွှင်စွာဖြင့် ဖြတ်သန်းနိုင်ကြမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုဆိုင်ရာ သက်ရောက်မှုများကို လျှော့ချရန်အတွက် ဒီရေတောများကို ထိန်းသိမ်းရန်လိုအပ်



ဒီရေတောများသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားများအတွက် အရေးကြီးသော ဂေဟစနစ်များဖြစ်သည်။ ၎င်းတို့သည် ကာဗွန်သိုလှောင်သူများ၊ ငါးမျိုးစိတ်များ၏ ပေါက်ပွားရာနေရာများ၊ ကမ်းရိုးတန်း အကာအကွယ်ပေးသူများအဖြစ် ၎င်းတို့၏ တန်ဖိုးကို ကျွန်ုပ်တို့လူသားများက အသိအမှတ်ပြုလာကြရပြီး ကျန်ရှိနေသည့် ဒီရေတောများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ ပိုမိုအားကောင်းလာစေရန် တစ်ကမ္ဘာလုံး၌ လုပ်ဆောင်နေကြရပြီဖြစ်သည်။

ယခုအခါ နောက်ပြန်ဆုတ်၍ မရနိုင်သော ရာသီဥတုပြောင်းလဲမှုနှင့် ပိုမိုကျယ်ပြန့်သော ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုများဆိုင်ရာ အကျပ်အတည်း၏ သက်ရောက်မှုများကို လျှော့ချရန်အတွက် ဒီရေတောများကို ထိန်းသိမ်းထားရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

**ဒီရေတောများ၏ အံ့သြဖွယ် အကျိုးကျေးဇူးများ**

ကမ္ဘာလုံးဆိုင်ရာ ဒီရေတောများ မဟာမိတ်အဖွဲ့ (Global Mangrove Alliance–GMA)၏ အဆိုအရ –

- ဒီရေတော ဆုံးရှုံးခြင်း၏ ၁ ရာခိုင်နှုန်းကို တားဆီးနိုင်ခြင်းအားဖြင့် ကာဗွန်တန်ချိန် သန်းနှစ်ရာကို ထိန်းသိမ်းထားနိုင်သည်။
- ၁၉၉၆ ခုနှစ်မှစတင်၍ ဒီရေတောဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ခြင်းအားဖြင့် ကာဗွန်ခတ်ငွေ ၁ ဒသမ ၂၇ ဂစ်ဂါတန် (မြေဆီလွှာနှင့် မြေပြင်ရှိ ဇီဝလောင်စာဆီ စည်သန်းပေါင်း ၅၂၀ ကျော်သို့မဟုတ် အမေရိကန်နိုင်ငံ မော်တော်ယာဉ်ပေါင်း ၄၉ သန်းမှ ထုတ်လွှတ်သည့် ကာဗွန်ပမာဏ) နှင့်ညီမျှသော ကာဗွန်ထုတ်လုပ်မှုကို ကာကွယ်ပေးနိုင်ခဲ့သည်။
- GMA ရည်မှန်းချက်သည် ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ထူထောင်ရန် လိုအပ်နေသည့် ဒီရေတော ဧရိယာ ၈၁၈၂ စတုရန်းကီလိုမီတာ၏ အနည်းဆုံးတစ်ဝက်ခန့်ကို ပြန်လည်ထူထောင်ရေး ရည်မှန်းထားသည်။ ဒီရေတောများသည် အထူးသဖြင့် အရှေ့တောင်အာရှဒေသရှိ ပင်လယ်ငါးမျိုးစိတ်များနှင့် အခွံမာငါး ၂၅ ဘီလီယံကို တိုးပွားလာစေပြီး

**“ဒီရေတောများသည် အထူးသဖြင့် အရှေ့တောင်အာရှဒေသရှိ ပင်လယ်ငါးမျိုး စိတ်များနှင့် အခွံမာငါး ၂၅ ဘီလီယံကို တိုးပွားလာစေပြီး ၎င်းတို့အပေါ် မှီခိုနေရသည့် မရေမတွက်နိုင်သော ငါးဖမ်းသမားများနှင့် အသေးစားရေလုပ်သား ၄ ဒသမ ၁ သန်း၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို အထောက်အကူပေးလျက်ရှိ”**

၎င်းတို့အပေါ် မှီခိုနေရသည့် မရေမတွက်နိုင်သော ငါးဖမ်းသမားများနှင့် အသေးစားရေလုပ်သား ၄ ဒသမ ၁ သန်း၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို အထောက်အကူပေးလျက်ရှိသည်။
- ကျန်ရှိနေသည့် ဒီရေတောများသည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီး ဆုံးရှုံးသွားနိုင်သည့် တန်ဖိုး ဒေါ်လာ ၆၅ ဘီလီယံကျော်ကို တားဆီးကာကွယ်ထားသည့်အပြင် နှစ်စဉ် လူ ၁၅ သန်းခန့်အား ရေလွှမ်းမိုးမှု အန္တရာယ်ကို လျှော့ချပေးလျက်ရှိသည်။
- ဒီရေတောများသည် ကမ္ဘာပေါ်တွင် အထိရောက်ဆုံး ကာဗွန်စုပ်ယူမှုနှင့် သိုလှောင်မှုစနစ်များဖြစ်သည်။ ၎င်းတို့သည် လက်ရှိတွင် ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန် ၂၁ ဘီလီယံကျော်နှင့် ညီမျှသော ကာဗွန်ကို သိုလှောင်ထားကြသည်။
- GMA၏ မကြာသေးမီက ထုတ်ပြန်သည့် အချက်အလက်များအရ လက်ရှိကမ္ဘာတစ်ဝန်းတွင် ဒီရေတော စတုရန်းကီလိုမီတာ ၁၄၇၀၀၀ ကျန်ရှိနေကြောင်း သိရပြီး ယင်းအရွယ်အစားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကျယ်အဝန်းနှင့်ညီမျှသော ဧရိယာဖြစ်ကြောင်း သိရသည်။
- ရေတိုက်စားခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် လူတို့၏ ပယောဂများကြောင့် ၁၉၉၆ ခုနှစ်ကတည်းက ဒီရေတော ဧရိယာ ၅၂၄၅ စတုရန်းကီလိုမီတာ အသားတင်ဆုံးရှုံးခဲ့သည်။
- ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း တစ်နှစ်လျှင် ပျမ်းမျှဆုံးရှုံးမှုသည် ၀ ဒသမ ၀၄ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သော်လည်း နောက်ထပ် ဆုံးရှုံးမှုများကို ရပ်တန့်ရန်၊ ကျန်ရှိနေသော ဒီရေတောများကို ကာကွယ်ရန်နှင့် ဆုံးရှုံးသွားသောအရာများကို ပြန်လည်ဖြည့်ဆည်းရန် ဦးစားပေး လုပ်ဆောင်နေဆဲဖြစ်သည်။

**ဒီရေတော ထိန်းသိမ်းရေး လှုပ်ရှားမှုများ**

၂၀၂၂ ခုနှစ် ကမ္ဘာ့ဒီရေတောများ အခြေအနေဆိုင်ရာ ထုတ်ပြန်ချက်အရ ဒီရေတောဆုံးရှုံးမှု ရပ်တန့်ရေး၊ မကြာသေးမီက ဆုံးရှုံးခဲ့သော ဒီရေတော

*မြန်လင်းမောင်*

များ၏ ထက်ဝက်ကို ပြန်လည်ထူထောင်ရေး၊ ကမ္ဘာတစ်ဝန်းရှိ ဒီရေတောများ ကာကွယ်မှု နှစ်ဆတိုးရေးနှင့် ကမ္ဘာတစ်ဝန်းရှိ လက်ရှိ ဒီရေတော ဟက်တာ ၁၅ သန်း၏ အနာဂတ်ကို လုံခြုံစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံများက အမေရိကန်ဒေါ်လာ လေးဘီလီယံ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူ သန်းပေါင်းများစွာတို့၏ ရာသီဥတုနှင့် လိုက်လျောညီထွေရှိမှုနှင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိမှုများမှာ ၎င်းတို့အပေါ်တွင် မူတည်လျက်ရှိသည်။ ။




ကမ္ဘာလုံးဆိုင်ရာ ဒီရေတောများ မဟာမိတ်အဖွဲ့က ထုတ်ပြန်သည့် ကမ္ဘာ့ဒီရေတော အခြေပြပုံ။

## နွားထိုးကြီးနယ် အက်စစ်မိုး (မိုးခါးရေ)ကြောင့် တမာပင်အချို့ လောင်ကျွမ်းခံရ



**နွားထိုးကြီး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့ပေါ် အောက်တိုဘာလအတွင်း ရွာသွန်းသောမိုးရေကြောင့် မြို့ပေါ်ရှိတမာပင် (သက်ကြီး)အများအပြားမှာ ဒေသခေါ် မိုးခါးရေ၊ ပညာရှင်ခေါ် အက်စစ်မိုးကြောင့် တမာပင်အညွန့်၊ အရွက်များ ညိုမည်းရောင်ဖြင့် လောင်ကျွမ်းခံခဲ့ရကြောင်း မြို့ခံတို့ထံမှ သိရသည်။

အလားတူ ယခင်နှစ်များကလည်း ဒေသပေါက် မန်ကျည်းပင်အများအပြား ထိုမိုးခါးရေကြောင့် မန်ကျည်းရွက်များ နေလောင်သကဲ့သို့ အညိုရောင်လောင်ကျွမ်းခံခဲ့ရဖူးသည်ဟု ဆိုသည်။ အညာမှာ မိုးခါးရေ ရွာသွန်းလေ့ရှိကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကမူ အရှေ့အာရှ အက်စစ်မိုးဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက်က မြို့ကြီး ၄၁ မြို့ရွာသွန်းသော မိုးရေ PH တန်ဖိုးတိုင်းတာခဲ့ရာ စခန်း ၃၁ ၌ ၅ ဒသမ ၆ အောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် အောက်တိုဘာ ရွာသွန်းမိုးမှာ အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ ၀၁၈

# (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့

ဆရာစန်း (မန်းမြို့သစ်)



၁၉၂၀ ပြည့်နှစ် သပိတ်၏ အသီးအပွင့်များအဖြစ် မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏အစ ရန်ကုန်မြို့ရှိ မြို့မကျောင်းပုံ။

**(၁၀၂)နှစ်မြောက်ရောက်ခဲ့ပြီ**

မြန်မာသက္ကရာဇ် ၁၃၈၄ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၇ ရက်ကြာသပတေးနေ့သည် မြန်မာတိုင်းရင်းသားအားလုံး မြန်မာအမျိုးသားအားလုံး၏ **"အမျိုးသားအောင်ပွဲနေ့"** ဖြစ်သည်။ သို့ဖြစ်၍ (၁၀၂) နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ကို နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် တစ်နိုင်ငံလုံး ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမျိုးသားရေး ဦးတည်ချက်များ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားနေ့ဖြစ်ပေါ်လာပုံ**

ရှေးဦးမြန်မာတိုင်းရင်းသားမျိုးနွယ်စုများသည် မြန်မာ့အထက်အညာ ပုံတောင်ပုံညာဒေသ တစ်ဝိုက်တွင် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၄၀ ခန့်မှစ၍ နေထိုင်ခဲ့ကြောင်း သုတေသီများက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် **"မြန်မာတိုင်းရင်းသားတို့၏ အစမှာ မြန်မာနိုင်ငံ"** ကပင်ဖြစ်ပေသည်။ ထို့အတူ မြန်မာတို့သည် သမိုင်းတင်နိုင်သောအထောက်အထားများအရ မြန်မာ့မြေတွင် မြန်မာတိုင်းရင်းသားများကို မြန်မာခေါင်းဆောင်များ၊ ဘုရင်မင်းများကသာ အုပ်ချုပ်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်းကိုလည်း အထင်အရှားတွေ့ကြရသည်။

သို့သော် ကုန်းဘောင်ခေတ်ရောက်လာသောအခါ မင်းဆက် ၁၁ ဆက်အနက် ရှေးဦးမင်းများက တတိယမြန်မာနိုင်ငံတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ တည်ဆောက်နိုင်ခဲ့သည်။ သို့သော် နှောင်းမင်းများ၏ အားနည်းမှုကြောင့် ဗြိတိသျှအင်္ဂလိပ်တို့က ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ် ၁၈၈၅ ခုနှစ်တို့တွင် စစ်ပွဲသုံးကြိမ် မတရားစစ်မီးမွှေး၍ တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ကာ ကျွန်ပြုခြင်း ခံခဲ့ရသည်။ ဗြိတိသျှအင်္ဂလိပ်တို့က ကျွန်ပြုသည်မှာ တိုက်ရိုက်ကျွန်ပြုအုပ်ချုပ်ခြင်း မဟုတ်ဘဲ ကျွန်သက်ရှည် အိန္ဒိယပြည်၏ လက်အောက် ကျွန်သားပေါက်အဖြစ် သတ်မှတ်၍ အုပ်ချုပ်ခံခဲ့ရသည်။

သို့သော် မြန်မာတို့၏ ပင်ရင်းစိတ်ထားသည်ကား သူ့ကျွန်မခံလိုသော အမျိုးသားစိတ်အရင်း ခံသည့် **"သခင်စိတ်ဓာတ်"** ပင်ဖြစ်သဖြင့် ဗြိတိသျှတို့ကို ပြန်လည်တော်လှန်ခဲ့သည်။

ဗြိတိသျှအင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ဗြိတိသျှနေမဝင်အင်ပါယာထဲသို့ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ကျွန်နိုင်ငံစာရင်းသွင်းခဲ့သော်လည်း မြေပြန့်နှင့် တောင်ပေါ်ဒေသမကျန် မြန်မာတိုင်းရင်းသားတို့သည် သူ့ကျွန်မခံလိုသော စိတ်ဖြင့် ဗြိတိသျှအင်္ဂလိပ်တို့ကို ၁၈၈၆ ခုနှစ်မှ ၁၉၀၀ပြည့်နှစ်အထိ ၁၅ နှစ်တိုင်တိုင် ရရာလက်နက်စွဲကိုင်၍ မျိုးချစ်စိတ်ဖြင့် တော်လှန်ခဲ့ကြသည့် သမိုင်းမှတ်တမ်းများ အထင်အရှားရှိသည်။ အထူးသဖြင့် ၁၉၂၀ ပြည့်နှစ်မှ၍ မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာခဲ့သည်။

ဗြိတိသျှအင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံကို ရေရှည်သိမ်းပိုက်၍ သွေးစုပ်ခြယ်လှယ်နိုင်ရေးအတွက် ယခင်ကရှိခဲ့သော ဘုန်းကြီးကျောင်းပညာရေးစနစ်ကို အားနည်းအောင်ကြံဆောင်ကာ ယင်းတို့၏ နယ်ချဲ့စနစ်ကို အကောင်အထည်ဖော်နိုင်မည့် ခေတ်သစ်ပညာရေးစနစ်ကိုသာ အားပေးသည်။ နောက်ဆုံး နိုင်ငံတစ်နိုင်ငံတွင် မရှိမဖြစ်သည့် တက္ကသိုလ်များတည်ထောင်ပေးရေး တက္ကသိုလ်တွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေမည့် ပညာရပ်များ မသင်ပေးရေး နယ်ချဲ့အစိုးရကို အထောက်အပံ့ဖြစ်စေမည့်ပညာကိုသာ သင်ကြားပေးရေးအတွက် ခရစ်ယာန်ဘာသာရေး စာသင်ကျောင်းများဖွင့်ကာ သင်ကြားစေခဲ့သည်။ ဤသို့ပညာရေးနိမ့်ကျစေရန် စီစဉ်နေသည်ကို ခေတ်မီတိုးတက်သောဗုဒ္ဓ ဘာသာကလျာဏယုဝအသင်းကြီး (YMBA) နှင့် မြန်မာအသင်းချုပ်ကြီး (GCBA) တို့က သိသဖြင့် အရေးဆိုခဲ့ကြသည်။ မြန်မာတိုင်းရင်းသား လူမျိုးတို့အားအထက်တန်းပညာ၊ ကောလိပ်နှင့် သိပ္ပံ၊ တက္ကသိုလ်ပညာများ သင်ကြားပေးရေး၊ မြန်မာနိုင်ငံတွင် တက္ကသိုလ်များ ဖွင့်လှစ်ပေးရေး တောင်းဆိုခဲ့သည်။ ဗြိတိသျှအင်္ဂလိပ်အစိုးရက ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ကိုသာ ဖွင့်ခွင့်ပေးခဲ့ပြီး တက္ကသိုလ်ပညာဘွဲ့ရရှိရေးကိုမူ အိန္ဒိယပြည်ကာလကတ္တားတက္ကသိုလ်သို့ သွားတက်ရန်သာ စီစဉ်ပေးခဲ့သည်။

**ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေပြဋ္ဌာန်း**

မြန်မာဘာသာရေးလူမှုရေးအဖွဲ့အစည်းများ၊ အသင်းများက တက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရေး အဓိကထားတောင်းဆိုလာမှသာ **"၁၉၂၀ ပြည့်နှစ် ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေ"** ပြဋ္ဌာန်းပေးကာ လူနည်းစုသာ တက္ကသိုလ်တက်နိုင်ရေး စီစဉ်ပေးခဲ့သည်။

ဤသို့ ဗြိတိသျှအင်္ဂလိပ်အစိုးရနှင့် ရန်ကုန်တက္ကသိုလ်အာဏာပိုင်တို့က မြန်မာတိုင်းရင်းသားများ၏ အထက်တန်းပညာသင်ကြားခွင့် ပိတ်ပင်မှုကို နားလည်သဘောပေါက်သော ဘွဲ့ရခါနီးတက္ကသိုလ်ကျောင်းသားကြီး ၁၁ ဦးတို့သည် ထိုဥပဒေကို ဆန့်ကျင်သပိတ်မှောက်ရန် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်) ရွှေတိဂုံစေတီတော်၏ ကုန်းတော်ပေါ်၌ စတင်ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့) တွင် ကောလိပ်ကျောင်းသားများသမဂ္ဂခေါင်းဆောင်များ၊ ကိုယ်စားလှယ်များပါဝင်သည့် အစည်းအဝေးထပ်မံပြုလုပ်ပြီး ကျောင်းသားကြီး ၁၁ ဦးကို ခေါင်းဆောင်တင်မြှောက်ကာ **"ရန်ကုန်ယူနီဗာစီတီအက်ဥပဒေ"** ကို သပိတ်မှောက်ပြီး ကျောင်းမတက်ရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြသည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကောလိပ်ကျောင်းများ၊ စာသင်ကျောင်းများပါ သပိတ်မှောက်ကာ အမျိုးသားစာသင်ကျောင်းများ စတင်ပေါ်ထွန်းလာခဲ့သည်။ ထိုအမျိုးသားကျောင်းများတည်ထောင်ဖွင့်လှစ်၍ အမျိုးသားရေးစာပေများ စတင်သင်ကြားခဲ့ရာမှ အမျိုးသားစိတ်များ နိုးကြားတက်ကြွလာခဲ့သည်ကို တွေ့ရသည်။ ထိုမှတစ်ဆင့် မြန်မာ့လွတ်လပ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**အမျိုးသားနေ့သတ်မှတ်အတည်ပြုခြင်း**

ဗြိတိသျှအင်္ဂလိပ်တို့က မြန်မာ့ပညာရေးကို ချိုးနှိမ်ပြီး **"ထာဝရကျွန်ပြုနိုင်ရေး အထောက်အပံ့ဖြစ်စေမည့်ပညာရေး"** အကြောင်းကို ရှေးဦးဆုံးဖြတ်ဖော်ထုတ်သူမှာ ၁၉၂၁ ခုနှစ် ဇန်နဝါရီလထဲ၌ မန္တလေးမြို့၌ ကျင်းပသော ဂျီစီဘီအေညီလာခံကြီးတွင် ဒီပဲယင်းဝန်ဆောင် ဦးမြဂ စတင်၍ **"ကျွန်ပညာရေးစနစ်"** ဟု စတင်ပြောဆိုခဲ့ရာမှ စတင်ခဲ့ကြောင်း သိရှိရသည်။

ဗြိတိသျှအင်္ဂလိပ်အာဏာပိုင်တို့သည် မြန်မာတိုင်းရင်းသားအားလုံးတောင်းဆိုလာ၍သာ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို ပြဋ္ဌာန်းပြီး ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ပေးပါသော်လည်း တက္ကသိုလ်စည်းကမ်းများမှာ ချုပ်ချယ်လွန်းလှသည်။ ထိုအက်ဥပဒေ၌ တစ်နိုင်ငံတွင် တက္ကသိုလ်တစ်ခုသာထားရေး၊ ရန်ကုန်မြို့တော်မှာပင် အခြေစိုက်ရေးကန့်သတ်ထားခြင်း၊ ကျောင်းသားဦးရေ ကန့်သတ်ထားခြင်း၊ ကျောင်းအိပ် ကျောင်းစားသာ တက်ခွင့်ပြုခြင်း၊ အဆင့်အတန်း ခွဲခြားခြင်း၊ စာမေးပွဲတစ်ကြိမ်ကျလျှင် ကျောင်းထုတ်ခံရခြင်း၊ ငွေကြေးပြည့်စုံသူများသာ ကျောင်းထားနိုင်စေခြင်း စသည်ဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာသင်ကြားခွင့် မရဖြစ်ခဲ့ရသည်။

**ကျောင်းများအားလုံး သပိတ်မှောက်**

သို့ဖြစ်၍ တစ်နိုင်ငံလုံးရှိ ကောလိပ်ကျောင်းများ၊ အခြေခံပညာကျောင်းများအားလုံး သပိတ်မှောက်ကာ မြို့တိုင်းတွင် အမျိုးသားကျောင်းများပေါ်ပေါက်လာသည်။ အမျိုးသားကျောင်းများက မြန်မာတိုင်းရင်းသားတို့အား အမျိုးသားရေးစိတ်ဓာတ် ပြန်လည်နိုးကြားလာစေခဲ့သည်။ သို့ဖြစ်၍ နယ်ချဲ့ဗြိတိသျှအင်္ဂလိပ်တို့၏ ကျွန်ပညာရေးကို စတင်တော်လှန်သပိတ်မှောက်ဆန့်ကျင်ရန် ဆုံးဖြတ်ဆောင်ရွက်သည့်နေ့ကိုထာဝရသတိရစေရေးအတွက်မြန်မာ့အမျိုးသားနေ့ (အမျိုးသားအောင်ပွဲနေ့) ဟုယနေ့ကာလအထိ သတ်မှတ်ကာ တစ်တိုင်းပြည်လုံးအခမ်းအနားများ ကျင်းပခဲ့ကြခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ကျင်းပပြုလုပ်ခဲ့သော ဂျီစီဘီအေပြည်လုံးကျွတ်အစည်းအဝေးကြီးက ကောလိပ်ကျောင်းသားများ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သဘောတူလက်မှတ်ထိုးဆုံးဖြတ်ခဲ့သော ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့)ကို **"အမျိုးသား အောင်ပွဲနေ့"** အဖြစ် အတည်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်၍ ထိုအချိန်မှစ၍ ယနေ့ကာလအထိ မြန်မာ့ **"အမျိုးသားအောင်ပွဲနေ့"** ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တိုင်း ကျင်းပခဲ့ကြခြင်းဖြစ်သည်။

**(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့**

ယခုနှစ် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၂၂ခုနှစ် နိုဝင်ဘာလ ၁၇ ရက်) ကြာသပတေးသည် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အကြီးအမှူးပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အမျိုးသားနေ့၏ အမျိုးသားရေးဦးတည်ချက်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်ကို အထောက်အပံ့ဖြစ်စေမည်သာမက နိုင်ငံတော်၏ ရှေ့ဆက်လှမ်းကြရမည့် အမျိုးသားရေးလုပ်ငန်းများကိုပါ အထောက်အကူပြုမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**"အမျိုးသားကျောင်းများက မြန်မာတိုင်းရင်းသားတို့အား အမျိုးသားရေးစိတ်ဓာတ် ပြန်လည်နိုးကြားလာစေခဲ့သည်။ သို့ဖြစ်၍ နယ်ချဲ့ဗြိတိသျှအင်္ဂလိပ်တို့၏ ကျွန်ပညာရေးကို စတင်တော်လှန် သပိတ်မှောက်ဆန့်ကျင်ရန် ဆုံးဖြတ်ဆောင်ရွက်သည့်နေ့ကို ထာဝရသတိရစေရေးအတွက် မြန်မာ့အမျိုးသားနေ့ (အမျိုးသားအောင်ပွဲနေ့) ဟု ယနေ့ကာလအထိ သတ်မှတ်ကာ တစ်တိုင်းပြည်လုံးအခမ်းအနားများ ကျင်းပခဲ့ "**

## Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၂ ခုနှစ် Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV – HD၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့တွင် ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်နှင့် ရောဝတီအသင်း နောက်ဆုံးပွဲတွင် ဂိုးမရှိသရေကျ

ရန်ကုန် နိုဝင်ဘာ ၁၅

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရွှေ့ဆိုင်းထားသော ပွဲစဉ် (၁၃) တတိယနေ့အဖြစ် ရန်ကုန်အသင်းနှင့် ရောဝတီအသင်းတို့ နိုဝင်ဘာ ၁၅ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

ရောဝတီအသင်းသည် ပထမအကျော့က ဂိုးပြတ်အနိုင်ရထားသော်လည်း ယခုပွဲတွင်မူ သရေသာကစားနိုင်ခဲ့ပြီး သရေရလဒ်ကြောင့် အဆင့် ၅ နေရာရရှိရန် သေချာသလောက်ရှိသွားခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် လိုအပ်ချက်များရှိသဖြင့် ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ နှစ်သင်းစလုံး ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သဖြင့် တစ်မှတ်စီ ခွဲယူခဲ့ရသည်။ ပွဲကုန် ၁၈ ပွဲစီကစားအပြီးတွင် ရန်ကုန်အသင်းက ၁၂ ပွဲနိုင်၊ သုံးပွဲ သရေ၊ သုံးပွဲရှုံး၊ ရမှတ် ၃၉ မှတ်၊ ရောဝတီအသင်းက ရှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံး၊ ရမှတ် ၂၈ မှတ် ရရှိခဲ့သည်။

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက် **(ယနေ့)** တွင် ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်

## နေပြည်တော်အတွင်းရှိ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု ယှဉ်ပြိုင်လျှောက်ထားသောကျောင်းများသို့ သွားရောက်လေ့လာ

ဥတ္တရသီရိ နိုဝင်ဘာ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (Clean and Green School Award) ယှဉ်ပြိုင်လျှောက်ထားသော ကျောင်းများ အချင်းချင်း အသိပညာဖလှယ်ရေး အစီအစဉ်အရ သွားရောက်လေ့လာခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဆု ပါဝင်ယှဉ်ပြိုင်လျှောက်ထားသည့် ကျောင်းဖြစ်သည့် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဆောင်ရွက်သည်။



ထိုသို့လေ့လာရာတွင် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမျိုးချစ် ဦးစီး၍ မြို့နယ်ပညာရေးမှူး ဦးသန်းဆွေ၊ တောင်ညိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ယှဉ်ပြိုင်လျှောက်ထားလာသည့် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်လေ့လာကြပြီး နေပြည်တော်အနေဖြင့် ယခုကျောင်း သုံးကျောင်း အပါအဝင်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု ယှဉ်ပြိုင်လျှောက်ထားလာသည့် ကျောင်းပေါင်း ၁၂ ကျောင်း ရှိကြောင်း သိရသည်။

ဇော်ဘီ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၁၅

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၉၀၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၁၀၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်စီဒေသရှိ ဒေသခံပြည်သူ ၇၈၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၅၆၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၈၅၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၅၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလျှုဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့၊ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလျှုဒါန်းကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ သုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ် (၂၀၅)မြေအကျယ်အဝန်းပေ (၄၀x၆၀)ရှိ (ပါမစ်)မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ပေ (၂၀x၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ဦးမိုးမောင် အမည်ပေါက်တည်ရှိသော (ပါမစ်) မြေကွက်ဖြစ်ပြီး မြေအမည်ပေါက်သူထံမှ ဦးထွန်းမင်းဝေ ၁၂/ပဘတ(နိုင်) ၀၀၀၆၈၅က အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိလာခဲ့ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုအပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်လှလှခိုင် (လိုင်စင်-၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ် (၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/27446, Kenbo-110, Motor Cycle (2x1)(-) ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးတင့် ၈/ပခက(နိုင်)၁၅၈၄၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၈၅၈၇၈, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဂျေညီညီစိုး ၆/လလန(နိုင်)၀၉၀၇၆၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အောင်ဇမ္ဗူ မြေကွက်အမှတ် ၁၃၅၊ဧရိယာ ၀ဒသမ ၀၅၆ဧကရှိ ဦးသန့်ဇင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်နော်လယ်လားဂေ (ဘ) ဦးစောမော်ကော် ၇/ကဝန(နိုင်)၁၂၅၈၄၅ မှ မြေငှားစာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၄၆/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်နော်လယ်လားဟေး(ဘ) ဦးစောမော်ကော် ၇/ကဝန(နိုင်)၁၁၄၉၅၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

မပြုံးသန္တာရီ(ဘ) ဦးရီရွှေ ၁၂/သကတ(နိုင်) ၁၅၃၂၁၄၅၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၀၃၂၀၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကျော်မိုး ၁၄/မအန(နိုင်)၁၄၇၈၆၃ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၃၀၄၈၇၈**

**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် တစ်ခု ချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 12, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အရောက် ပေးပို့ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သံတွဲမြို့နယ်၊ ကျီးကန်းရဲကျေးရွာနေ မမေမိုးအောင် (တက္ကသိုလ်ဝင်တန်းအောင်) ၁၁/သတန(နိုင်)၁၃၁၁၇၃ ၏ ဖခင် ဦးခင်ထွေး(ခ)ဦးမောင်ခင်ထွေး ၁၁/သတန(နိုင်)၁၂၀၆၉၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးခင်ထွေး(ခ)ဦးမောင်ခင်ထွေး**

## မွေးသက္ကရာဇ်အမှန်

သံတွဲမြို့နယ်၊ အမှတ် (၈) ရပ်ကွက်နေ (ဘ)ဦးဖေသန်း၏သား ဦးမျိုးလင်းကျော် ၁၁/သတန(နိုင်) ၀၇၁၉၉၃၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၆-၁၉၈၂ ဖြစ်ပါကြောင်း။

**ဦးမျိုးလင်းကျော်**

## မွေးသက္ကရာဇ်အမှန်

သံတွဲမြို့နယ်၊ အမှတ် (၈) ရပ်ကွက်နေ (ဘ)ဦးဖေသန်း၏သမီး၊ မခင်နှင်းမိုး ၁၁/သတန(နိုင်) ၀၇၉၆၈၂၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၅-၁၉၈၆ ဖြစ်ပါကြောင်း။

**မခင်နှင်းမိုး**

## မိဘအမည်မှန်

ပြည်မြို့နယ်၊ မိန်းမရဲကျေးရွာ အထက(ခွဲ) Grade-6မှ မသဲစုမွန်၏ မိဘအမည်မှန်မှာ ဦးသိန်းထွန်းဝင်း ၇/ပမန(နိုင်)၁၈၈၆၅၇ နှင့် ဒေါ်မိုးမဥ္ဇူ ၇/ပမန(နိုင်)၁၅၃၁၁၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာအုပ်စု၊ ဖားယားကြီးရွာနေ ဒေါ်အေးကျော့သိန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဇံ နှင့် ဦးအောင်ကျော်သာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဇံ(ခ)ဦးအောင်ကျော်သာ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးသိန်း ၈/မလန (နိုင်)၀၆၈၃၁၀ ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၂၀၃၁၆၀

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် EE/1692 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ကမာရွတ်မြို့နယ်၊ ကျွန်းတောလမ်း (နာနတ်တောလမ်းနှင့် ဟံသာဝတီလမ်းကြား) Times City Condominium ရှိ Building (3-Office)၊ အခန်းအမှတ် (1101)၏ အမည်ပေါက် ဒေါ်အိုင်လန်ဦး(ခ)ဒေါ်မိမိလေး ၁၂/လသန(နိုင်)၀၀၉၃၉၅ထံမှ ဒေါ်လန်စုကိုင် ၁၃/တမည(နိုင်)၀၀၅၀၂၇သည် ပြန်လည်ဝယ်ယူခဲ့ပြီး အမည်ပြောင်းဆောင်ရွက်ရာတွင် အမည်ပေါက်မှ ဌာနသို့ လာရောက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါသဖြင့် တိုက်ခန်းဝယ်ယူသူ အမည်သို့ပြောင်းလဲ၍ အဆောက်အအုံ နေထိုင်ခွင့်စာချုပ် ချုပ်ဆိုခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မလှဝင်း ၁၁/မပန (နိုင်) ၁၂၅၄၄၀၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းမင်းခိုင် ၁၁/ရသတ(နိုင်)၁၁၇၆၀၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်သိန်းဝင်း ၁၁/ရသတ(နိုင်)၀၉၇၅၀၈၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကြည်ကြည် ၈/မလန (နိုင်)၀၈၁၀၀၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၂၀၃၁၆၀

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/7383 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## အမည်မှန်

ဦးအောင်မြင့်ထွန်း ၁/မညန (နိုင်) ၁၂၀၆၆၁ ၏သမီး ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့ အထက(၁) တတိယတန်းမှ မခင်ရတီထွန်း၏ အမည်မှန်မှာ မခင်ရဒီထွန်း ဖြစ်ပါကြောင်း။

**မခင်ရဒီထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးပြေမင်းလွင် ၈/မကန(နိုင်)၂၅၆၀၂၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/2791 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမည်ပြောင်း

ဦးလှမောင်မောင်လတ် ၉/မထလ(နိုင်)၁၉၉၃၃၇၏ သမီးဖြစ်သူ မိတ္ထီလာမြို့၊ အထက (၅)၊ ရှမ်းတဲ Grade9(A)မှ မစုမဒီခင်အား ယနေ့မှစ၍ မဆောင်းဝတ်ရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆောင်းဝတ်ရည်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၁-၂၀၂၂ရက်စွဲပါ ဤသတင်းစာတိုက်၏ စာမျက်နှာ (၃၁)၊ ကျိုက်ထိုခရိုင် တရားရုံးတော်၏ ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာကြော်ငြာတွင် (စိုင်းလင်းအောင်)အစား စိုးလင်းအောင်ခရိုင်တရားသူကြီး ကျိုက်ထိုခရိုင်တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
### ကော့သောင်းခရိုင်တရားရုံးတော်
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၁၉

| | | |
|---|---|---|
| ဒေါ်ရှမ်းအေး(ခ)ဒေါ်ငွေး | **နှင့်** | ၁။ ဦးအပန်း<br>၂။ ဒေါ်ချိုမာ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်းမကြီး၊ (၆-လွှာ)၊ အမှတ်(၁၀၉/က)နေ ၁။ ဦး အပန်း၊ ၂။ ဒေါ်ချိုမာ တို့သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်ရှမ်းအေး(ခ)ဒေါ်ငွေးက ငွေ ၅၄၇၃၀၀၀၀/-(ကျပ်ငါးရာလေးဆယ့်ခုနစ်သိန်းသုံးသောင်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ် ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ် (၇၄)၊ (၄)လွှာ-ဘီ၊ တတိယထပ်(၁၄ x၅၀) ပေရှိ တိုက်ခန်းအပါအဝင်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ် အဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူထားပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းထူး ၁၂/ကတတ(နိုင်)၀၂၄၇၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာနည်နေဝင်း(LL.B)(D.I.,L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၃)**
**အမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၈၁၆၉၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်ဖြိုးပိုင် ၈/မဘန(နိုင်)၁၉၁၇၅၂၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဟိန်းရတနာအောင် ကိုယ်ပိုင် အထက်တန်းကျောင်း Grade(11)မှ မောင်ပေါင်ဖူကြွင်၏ ဖခင်အမည်မှန်မှာ ဦးကြာလင်၁၃/ကလတ(နိုင်)၀၀၀၂၁၃ ဖြစ်ပါကြောင်း။

## အမည်မှန်

ကျောက်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အိမ်အမှတ်(၁၄၅)နေ ဦးလှသန်း၏သမီး မအေးချမ်းမြေ့ ၁၁/ကဖန(နိုင်)၁၄၃၈၇၄၏ အမည်မှန်မှာမအေးချမ်းမြင့်ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းလင်းအောင် ၈/ပခက(နိုင်)၂၇၀၄၄၈၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၂၀၃၁၆၀

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀)
### တောင်ကြီးမြို့နယ်တရားမရုံး၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃

| | | |
|---|---|---|
| ဒေါ်နန်းစန္ဒာအောင် | **နှင့်** | ဗိုလ်မှူးချစ်ဟန်(ငြိမ်း) |
| **တရားလို** | | **တရားပြိုင်** |

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မင်္ဂလာဂူကျောင်းလမ်း၊ အမှတ် (၈/၄၁၂) နေ ဗိုလ်မှူးချစ်ဟန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းစန္ဒာအောင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ် ၍၊ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၈ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မိုး)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် )

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့တွင် လစ်လပ်လျက်ရှိသော ကွန်ပျူတာလုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၂) နေရာ၊ အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၃)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၂နေရာ | ကွန်ပျူတာဆိုင်ရာဘွဲ့တစ်ခုခုရရှိသူ |
| (ခ) | အငယ်တန်းစာရေး | ၃ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာဆိုင်ရာကျွမ်းကျင်မှု လက်မှတ်ရရှိထားသူ |

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အောက်ပါသတ်မှတ် အသက်ထက်ကျော်လွန်ခြင်း မရှိစေရ-
(၁) ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၃၀)နှစ်
(၂) အငယ်တန်းစာရေး (၂၇)နှစ်
(ဂ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဃ) ရွေးချယ်ခြင်းခံရသူများသည်အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရမည်၊

၃။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၌ ( ၁၅-၁၁-၂၀၂၂) ရက် (အင်္ဂါနေ့) မှ စတင်၍ရုံးချိန်အတွင်း အခမဲ့ထုတ်ယူနိုင်ပြီး (၂၈-၁၁-၂၀၂၂) ရက် (တနင်္လာနေ့) နောက်ဆုံး ထား၍ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင်ဖြည့်သွင်းရမည့်ပုံစံ၊ ပူးတွဲတင်ပြရမည့် အချက်အလက်များအားဖော်ပြထားရှိပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ် (၃) ခု အတွက် (၃) နာရီမေးခွန်းဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့သို့ လူကိုယ်တိုင်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၉၁၉၀နှင့် ၀၆၇-၃၄၀၉၄၅၈ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
### ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
### လျှောက်လွှာခေါ်ယူခြင်း
### ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
### ( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စစ်ဆေးရေးမှူး-၂ (စိတ်စစ်ဆေးရေး) (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၄)နေရာအတွက် အောက်ပါပညာအရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) သတ်မှတ်ပညာအရည်အချင်းမှာ ဝိဇ္ဇာဘွဲ့(စိတ်ပညာ) ရရှိပြီး ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်၊
(ဂ) ၁၅-၁၂-၂၀၂၂ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်အသက် ၃၀ နှစ် [ဝန်ထမ်းဖြစ်ပါက ၃၅နှစ်] ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူပူးတွဲတင်ပြရမည်၊
(င) ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၌ (၁၆-၁၁-၂၀၂၂)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်းအခမဲ့ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ(၁၅-၁၂-၂၀၂၂) ရက်နေ့နောက်ဆုံးထား၍ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင်ဖြည့်သွင်းရမည့်ပုံစံ၊ ပူးတွဲတင်ပြရမည့် အချက်အလက်များအား ဖော်ပြထားရှိပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ရေးဖြေစာမေးပွဲကို(၁၉-၁၂-၂၀၂၂) ရက်နေ့တွင် နံနက် ၀၉:၀၀နာရီမှ ၁၁:၀၀နာရီထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ် (၃)ခုအတွက်(၂)နာရီမေးခွန်းဖြင့် စစ်ဆေးမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို (၂၁-၁၂-၂၀၂၂) ရက်နေ့တွင် ကွန်ပျူတာကျွမ်းကျင်မှုအရည်အချင်းစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို စိစစ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇- ၃၄၀၉၁၆၅ သို့ဖြစ်စေ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးမြို့နယ်၊ခေးနင်းကျေးရွာတွင်တည်ရှိသော ဦးလောက်စီး၏ (ESL)အဲဗားရှိုင်းလားရှိုးသောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်ရှိပါသဖြင့် အမည်တူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အကြောင်းပြချက်ဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးလောက်စီး ၁၃/ဟပတ(နိုင်)၀၁၀၆၉၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလေးမြို့နေ ဒေါ်မိုင်နီထွေး(ခ) ဒေါ်နေထွေးနှင့် ဒေါ်နီထလွဲ ၄/ဖလန(နိုင်)၀၃၁၅၃၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ် (၅၄)၊ ဒုတိယထပ်၊ (၃)လွှာ၊ (ခေါင်းရင်းဘက်ခြမ်း)တိုက်ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်လှလှဝင်း ၁၀/မလမ(နိုင်)၀၁၄၀၉၁မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးသန်းဇော်၊ ဒေါ်သူလေးသွင်တို့ကလည်း ဝယ်ယူရန် အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဇော်၊ ဒေါ်သူလေးသွင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) |

**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၁၀ အိပ်ချ် ၃၊ မြေကွက်အမှတ်–I–၁၅ ဟုခေါ်တွင်သော မြေပေါ်ရှိ အမှတ်–၁၃၃/၁၃၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၁၀ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော (၈)ထပ်အဆောက်အအုံ၏ အခန်းအမှတ်–၅က (၅ လွှာ)၊ အကျယ်အဝန်း–၁၆.၅ပေx ပေ ၅၀ခန့်ရှိ တိုက်ခန်းတစ်ခန်း အပါအဝင် ယင်းတိုက်ခန်း၏ ဆက်စပ်သမျှသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီးပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| စဉ်–၂၅၁၆၅ | စဉ်–၂၆၁၉၉ | စဉ်–၄၆၃၂၈ |

**အထက်တန်းရှေ့နေများ**
**အမှတ်–၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁၄၅၇၆၇၊ ၀၉–၄၂၀၀၂၈၃၆၆၊ ၀၉–၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ မြောက်ဒဂုံမြို့နယ်၊ ၄၅–ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အကွက်အမှတ် (၁၀၁၆)ဟုခေါ်တွင်သော မူလအမည်ပေါက်ဖြစ်သူ ဒေါ်သိန်းညွန့် (TGO–076067) ပိုင်ဆိုင်သည့် ပေ (၄၀x၆၀)ရှိ ခြံမြေထဲမှ ပေ (၂၀x၆၀)ဖြစ်သော (၁၀၁၆/ခ)ခြံမြေနှင့် ၎င်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသည့်နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မာအေး(ဘ)ဦးအေးမောင် ၁၂/သဃက(နိုင်)၀၅၀၁၁၃က ဝယ်ယူထားပြီး ၎င်းလက်ရှိပိုင်ဆိုင်လျက်ရှိသောအဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ မိမိကသာတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကတိပြုဝန်ခံပြောဆိုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်ဆုရတီကျော်(ဘ) ဦးဝင်းချစ် ၁၂/တတန(နိုင်)၂၁၆၁၇၂မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲဆုဇာခြည်သိမ့် LL.B, D.B.L, D.I.L (W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၀၄၆)**
**အမှတ် (၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၄၅၉၇၉၁၂၆**

## အိမ်ခြံမြေဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမောင်မောင်နိုင် ၅/မရန(နိုင်)၀၄၈၄၅၀ သည် မုံရွာမြို့၊ ဘုရားကြီး ရပ်ကွက်တွင် တည်ရှိသော ကွင်း/အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ် ၃၆၊ ဧရိယာ ၀ဒသမ ၀၅၈ ဧက အကျယ်အဝန်းအားဖြင့် အလျား (၈၀)ပေ xအနံ(၄၂)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်ရီ ၅/မရန(နိုင်)၀၆၃၀၀၄ နှင့် ဦးနေထွန်းကျော် ၅/မရန (နိုင်) ၀၃၉၄၉၀ တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမောင်မောင်နိုင်** | **ဒေါ်ဖူးဖူးသန့်(LL.B,LL.M,Advocate)** |
| **၅/မရန(နိုင်)၀၄၈၄၅၀** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၅၃၇)** |
| **မြဝတီရပ်ကွက်၊ မုံရွာမြို့** | **ဖုန်း–၀၉–၄၄၂၀၇၆၂၈၁၊ ၀၉–၉၇၄၁၁၅၉၉၉** |

## ကန့်ကွက်နိုင်ပါကြောင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၄၆)၊ ကျောက်တန်းရွာမ၊ ဦးပိုင်အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၁၁/၃၃၅)၊ မြေဧရိယာ ၀ဒသမ ၅၀ကေရှိ ဒေါ်ထိုက်ထိုက်သက်အမည်ပေါက် ပုံစံ–၇သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထား စုံလင်စွာဖြင့် ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေရည်ဝင့်နိုင်(LL.B)တရားလွှတ်တော်ရှေ့နေ**
**ဖုန်း–၀၉– ၂၆၀၃၃၆၀၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၆)၊ ကျောက်တန်းရွာမ၊ ဦးပိုင်အမှတ်(၁၃၄)၊ မြေကွက်အမှတ်(၁၁/၃၃၄)၊ မြေဧရိယာ ၀ဒသမ၉၀ ကေရှိ ဦးအောင်ရဲပြည့် အမည်ပေါက် ပုံစံ–၇ သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေရည်ဝင့်နိုင်(LL.B)တရားလွှတ်တော်ရှေ့နေ**
**ဖုန်း–၀၉–၂၆၀၃၃၆၀၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၈၉၂၊ မြေကွက်တည်နေရာ အမှတ် ၈၉၂၊ သံသုမာလမ်း၊(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ဦးအောင်သိန်း ၁၂/ကတတ(နိုင်)၀၁၂၉၈၆ အမည်ပေါက်မြေအား အမည်ပေါက် ဦးအောင်သိန်း (မောင်)(၁၉–၇–၂၀၂၁)ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်၍ ဒေါ်မြသိန်း ၁၂/ကတတ(နိုင်)၀၁၂၉၈၅ အမ မှ တစ်ဦးတည်းသောအမတော်စပ်ကြောင်းနှင့် ဒေါ်မြသိန်း တစ်ဦးတည်းကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် မောင်ဖြစ်သူ ဦးအောင်သိန်း မကွယ်လွန်မီ အချိန်က မည်သည့်သေတမ်းစာမျှ ရေးသားထားခြင်းမရှိကြောင်း ကတိသစ္စာပြုလွှာ ၇၁၅/၂၀၂၂(၁၄–၂–၂၀၂၂)နှင့် အမည်ပေါက်၏ဖခင်နှင့် မိခင်တို့မှ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည် မှန်ကန်ပါကြောင်း၊ အမည်ပေါက်သည် အစ္စလာမ်ဘာသာကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက သေတမ်းစာတစ်စုံတစ်ရာ ရေးသားထားခြင်း လုံးဝမရှိသည်မှာ မှန်ကန်ပါကြောင်း ၎င်းတို့မောင်နှမ (၂)ဦးမှလွဲ၍ အခြားသော သားသမီး တစ်ဦးမျှ မရှိသည်မှာ မှန်ကန်ပါကြောင်း ဒေါ်မြသိန်း၏ ကတိသစ္စာပြုလွှာ ၇/၁၂၃၇(၁၄–၇–၂၀၂၂)၊ ဌာနဝင်စာ အမှတ် ၈၄၃၃/၂၂(၅–၉–၂၀၂၂)ရက်စွဲဖြင့် (၂၀၁၁)ခုနှစ်က ဦးအောင်သိန်း လျှောက်ထားထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မှတ်ချက်ပါသည့် မြေပုံ/မြေရာဇဝင် မူရင်းမှာ မည်သည့်ဘဏ်တွင်မှ အာမခံပစ္စည်းအဖြစ်ထားရှိကာ ဘဏ်ငွေချေးယူခဲ့ရခြင်း လုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ဒေါ်မြသိန်းမှ ဝန်ခံကတိသစ္စာပြုလွှာ ၂၅၈/၂၀၂၂( ၅–၉–၂၀၂၂)ရက်စွဲဖြင့် ဝန်ခံကတိ ရှင်းလင်းတင်ပြလာပါသည်။ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်၊ နိုင်ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ ပြည်တော်သာ (၄)လမ်း၊ အမှတ်(၁၂/၅၂)နေ ဒေါ်နော်ဘေဘီအောင် ၇/လပတ(နိုင်) ၁၉၈၃၇၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်သည်မှာ–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်ဘေဘီအောင်သည် ဦးသန်းမင်းထွန်းနှင့် လွန်ခဲ့သော(၁၂)နှစ်ခန့်က အိမ်ထောင်ကျခဲ့ပြီး နီနီကံညွန့်အမည်ရှိ သမီး(၁)ဦးထွန်းကားခဲ့ပါသည်။ ထို့နောက် ၂၀၁၄ခုနှစ်ခန့်တွင် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးသန်းမင်းထွန်းမှ စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိ၍ နှစ်ဦးသဘောတူကွာရှင်းခဲ့ပါသည်။ ထိုသို့ ကွာရှင်းရာတွင် ကျွန်ုပ်တို့မိတ်ဆွေ၏ သမီး မနီနီကံညွန့်မှာ ၎င်း၏အဖေဦးသန်းမင်းထွန်းနှင့် အဘွားဖြစ်သူ ဒေါ်နန်းထွေးကြိုင်တို့နှင့်အတူ ကျန်ရစ်ခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်တို့၏မိတ်ဆွေသည် ဦးသန်းမင်းထွန်းနှင့် ကွာရှင်းပြတ်စဲပြီး (၄)နှစ်ခန့်အကြာတွင် ဦးသန်းမင်းထွန်းမှာ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားခဲ့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ခင်ပွန်းကွယ်လွန်သွားပြီးနောက်ပိုင်းတွင် ၎င်း၏သမီး မနီနီကံညွန့်(၁၀)နှစ်အား ပြန်လည်ခေါ်ရန်အတွက် အမျိုးမျိုးကြိုးစားခဲ့သော်လည်း ကျွန်ုပ်တို့မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးသန်းမင်းထွန်း၏ အစ်မဖြစ်သူ ဒေါ်နန်းအိအိမျိုးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးရာဇာထွန်းတို့မှ သမီးဖြစ်သူ မနီနီကံညွန့်အား ခြိမ်းခြောက်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းများ ပြုလုပ်၍ မတရားခေါ်ဆောင်ထားပါသည်။ ထို့အပြင် မနီနီကံညွန့်၏ အဘွားဖြစ်သူ ဒေါ်နန်းထွေးကြိုင်မှ ၎င်း၏မြေးအတွက် မိသားစုစီမံမှုဖြင့် ခွဲဝေပေးခဲ့သောအမွေပစ္စည်းများကိုလည်း ဒေါ်နန်းအိအိမျိုးနှင့်၎င်း၏ခင်ပွန်း ဦးရာဇာထွန်းတို့မှ မတရားသိမ်းပိုက်ထားခဲ့ပါသည်။ ထို့အပြင် ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မနီနီကံညွန့်အား ၎င်းတို့မှ ကျောင်းထားပေးခြင်းမရှိဘဲ မတရားခိုင်းစေနေသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ (၁၀–၉–၂၀၂၂)ရက်တွင် ကျွန်ုပ်တို့၏ မိတ်ဆွေမှ သမီးဖြစ်သူ နီနီကံညွန့်အား ပြန်လည်ပေးအပ်ရန်နှင့်၎င်း၏ အမွေပစ္စည်းကိစ္စများနှင့်ပတ်သက်၍ ရပ်ကွက်လူကြီးများရှေ့မှောက်တွင် ပြောဆိုရှင်းလင်းရာ ဒေါ်နန်းအိအိမျိုးနှင့် ၎င်း၏ခင်ပွန်းဦးရာဇာထွန်းမှ (၂၀–၉–၂၀၂၂) ရက်တွင် အဆင်ပြေအောင်ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သမီးဖြစ်သူ မနီနီကံညွန့်ကိုလည်း ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ ထို့သို့ ၎င်းတို့မှ အထက်ပါကဲ့သို့ ပြောဆိုသွားပြီး (၂၀–၉–၂၀၂၂)ရက်နေ့ပြည့်မြောက်သည့်နောက်ပိုင်းတွင် ကျွန်ုပ်တို့မိတ်ဆွေ၏ သမီးဖြစ်သူ မနီနီကံညွန့်အား မတရားခေါ်ဆောင်သွားသလို ကျွန်ုပ်တို့မိတ်ဆွေ၏ သမီးဖြစ်သူ ရသင့်ရထိုက်သော အမွေပစ္စည်းများကိုလည်း ပြေလည်အောင်ပေးအပ်ခဲ့ခြင်းမရှိဘဲ တိမ်းရှောင်သွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယခုအများသိစေရန်ကြေညာလိုသည်မှာ ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မနီနီကံညွန့်အား မိခင်ဖြစ်သူ ဒေါ်နော်ဘေဘီအောင်၏ ရင်ခွင်အတွင်းသို့ ပြန်လည်အပ်နှံရန်နှင့် မနီနီကံညွန့်၏ရသင့်ရထိုက်သည့် အမွေပစ္စည်းများကို ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့မိတ်ဆွေ၏ သမီးဖြစ်သူကို ပြန်လည်အပ်နှံခြင်းမပြုဘဲ ၎င်းရသင့်ရထိုက်သော အမွေပစ္စည်းများကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲ ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်ဘေဘီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်သီတာအောင်(LL.B)** | **ဦးချစ်သဲမောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၆၈၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၅၉၉)** |
| **ဖုန်း–၀၉–၄၄၈၀၂၂၇၃၇** | **ဖုန်း–၀၉–၇၇၉၅၂၆၈၆၈** |

## တကက–ကျော်ငွေ(ပါ) ၄ဦး (ဘ)ဦးလွန်း ၁၃/ကလန(နိုင်) ၀၁၇၄၉၄သိစေရန်

ကလောမြို့၊ အမှတ်(၉)ရပ်ကွက်၊ မျက်ရဲအင်းအနောက်၊ ဓမ္မပါလလမ်းသွယ်ရှိ၊ မြေကွက်အမှတ်(၄၀)၊ အကွက်အမှတ်(၈၈)၊ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀ဒသမ၂၃၀)ကေရှိ တကက–ကျော်ငွေ(ပါ)၄ဦးတို့အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသော နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉/၂၅၉)ဟုခေါ်တွင်သော (၁)ထပ်တိုက်နေအိမ်အဆောက်အအုံတို့ကို တကက–ကျော်ငွေနှင့်မောင်နှမများဖြစ်သည့် ဒေါ်သိန်းမေ(ခ)မီးငယ် (KLW–၀၀၇၆၁၁)၊ဦးကျော်ပြည့်(KLW–၀၀၇၆၁၂) နှင့် ဒေါ်စံပယ်အေး(KLW–၀၀၇၆၁၃)တို့က (၁၄–၅–၂၀၀၉)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏အမှုသည် ဒေါ်မာလာညို(ဘ)ဦးခင်မောင်ညို ၁၂/ကမရ(နိုင်) ၀၂၇၃၅၃အား ရောင်းချခဲ့ရာ ကျွန်ုပ်အမှုသည်က ရောင်းဖိုးငွေအပြေအကျေပေးချေပြီး မြေကွက်နှင့်နေအိမ်တို့ကို လက်ရောက်ရယူနေထိုင်လာရာမှ မြေကွက်အမည်ပြောင်းရန်လိုအပ်လာသဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးရန် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်အမှုသည်နှင့်ဆက်သွယ်ပြီး မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင် ချုပ်ဆိုပေးရန် တောင်းဆိုပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်သွယ်ဝင့်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀၉)၊ နဝဒေးလမ်း၊ မင်္ဂလာရပ်ကွက်၊ အောင်ပန်းမြို့၊ ကလောမြို့နယ်၊ ဖုန်း–၀၉–၇၉၆၁၅၄၉၁၈**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်–၂၀

ဒေါ်သန်းသန်းအေး — **လျှောက်ထားသူ**
အမှတ်(၆/စီ)၊သူဌေးကုန်းလမ်း
ကရင်အမျိုးသား ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

**ကွယ်လွန်သူ ဦးစောဂါးနက်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ သူဌေးကုန်းလမ်း၊ အမှတ် ၆၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစောဂါးနက်၏ အမွေပုံ ပစ္စည်းများအပေါ်၌ သေတမ်းစာအတည်ပြုလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် လျှောက်ထားသူ ဒေါ်သန်းသန်းအေးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၈ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၆ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစောဂါးနက်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ရက်(၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၆ရက် )နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်သန်းသန်းအေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဇင်ဝေထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ ဗိုလ်မင်းရောင် (၄)လမ်း၊ မြေကွက် အမှတ် (၁၀၄၇)ဟုခေါ်တွင်သော ဒေါ်ဝင်းရီ (DZ–၀၆၇၀၆၀) အမည်ပေါက်ဧရိယာ အကျယ်အဝန်းပေ (၄၀x၆၀) မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဟံ ၁၂/မရက(နိုင်) ၀၇၁၆၇၁ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၇၇၀၇(၂၁–၁၂–၂၀၂၁)**
**အမှတ်–၃၈၊ နဝရတ် (၉)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၄၃၄၆၅၂၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းဆိုင် ၁၃/တကန(နိုင်)၂၁၀၇၄၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၁၈၈၆၂၈၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းဇင်မာထွေး ၁၃/ကတလ(နိုင်)၀၁၈၃၉၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၁၄၄၇၇၉၅**

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ၊ အထက(ခွဲ)Grade–11 မှ မောင်ဝေယံတင့်နိုင်ဦး၏ဖခင် အမည်မှန်မှာ ဦးတင့်နိုင် ၉/သစန(နိုင်)၀၁၄၃၄၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/40963, HAOJUE 102, M/C အား စစ်တွေမြို့၊ မိဇ ရပ်ကွက်နေ ဒေါ်မြတ်နွယ်စိုးက(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေမြို့)**

## အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်သိင်္ဂီဦး ၁၃/တကန(နိုင်)၂၉၉၉၅၇ နှင့် ဦးသန်းဇော်ထက် ၁၃/တကန(နိုင်)၂၃၄၆၁၇ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်မှုမရှိဘဲ ဦးသန်းဇော်ထက်သည် ခင်ပွန်းဝတ္တရားများ ပျက်ကွက်ခဲ့ခြင်း၊ သားသမီးများအပေါ် ဖခင်မပီသခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်းတို့ကြောင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် မိမိနှင့် လူမှုရေးအရသော်လည်းကောင်း၊ အခြားမည်သည့် ကိစ္စကိုမျှသော်လည်းကောင်း လုံးဝ ပတ်သက်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီဦး**
**၁၃/တကန(နိုင်)၂၉၉၉၅၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်မြင့်စိုး ၈/ပမန(နိုင်)၁၀၉၉၁၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ကျော်ဝဏ္ဏ၈/တတက(နိုင်)၂၁၁၁၈၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးဝဏ္ဏ ၈/တတက(နိုင်)၂၄၈၃၁၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၉၆၅၉၈၄၃၃၅**

## အမည်ပြောင်း

မန္တလေးမြို့၊ CAE Private School၊ Grade-8(B)ခန်းမှ (ဘ)ဦးနိုင်မျိုးလွင် ၉/အမဇ(နိုင်)၀၂၂၀၂၅ ၏ သား မောင်အောင်ကောင်းမြတ် အား မောင်ထက်မြတ်လင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5914 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/2576 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်63W/42866 Shayan 125 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းကျော် ၉/ပသက(နိုင်)၁၂၈၂၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/5117 TOYOTA HIACE TRH214 MINI BUS (4x2)R ယာဉ်လက်ဝယ်ရှိသူဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၂-၁၁-၂၀၂၂ ရက်ထုတ် ဤသတင်းစာ၊ စာမျက်နှာ(၃၁)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ပြည့်သဲဝေပိုင်၏ အများသိစေရန် ကြော်ငြာ၌ ဦးအောင်စည်သူ၏နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ၁၃/သလန(နိုင်)၁၈၅၆၉၄ အစား ဦးအောင်စည်သူ ၁၃/တကန(နိုင်)၂၈၅၆၉၄ ဟု ပြင်ဆင်ဖတ်ရှု ပေးပါရန်။

**ဦးအောင်စည်သူ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၈)ကွင်းရပ်၊ ဦးပိုင်အမှတ်(၄၃/ခ)၊ ရေိယာ ၀ ဒသမ ၀၈၄ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်(၂၀၁/အေ)၊ အထက်လမ်းမကြီး၊ ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ဦးဇော်ဝင်း ၁၀/မလမ(နိုင်)၁၇၅၂၉၀က မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ်အမှတ်-၅၀/၂၀၂၁အရ ပိုင်ဆိုင်ခဲ့ပါသည်။ ဦးဇော်ဝင်းသည် ၂၉-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးဇော်ဝင်းကွယ်လွန်သွားသောအခါ အမွေစားအမွေခံအဖြစ် ဇနီးဖြစ်သူ ဒေါ်မာမာအေး(MME-၅၉၂၄၁၈)နှင့် သား/သမီးများဖြစ်ကြသော ဦးနွေဇော်ဦး ၁၂/မဂတ(နိုင်)၀၉၅၅၀၁၊ ဒေါ်ဇင်မာဝင်း ၁၂/မဂတ(နိုင်)၀၉၅၅၀၀၊ ဒေါ်သန္တာဝင်း ၁၂/မဂတ(နိုင်)၀၉၅၄၉၉၊ ဒေါ်ဟေမာဝင်း ၁၂/မဂတ(နိုင်)၀၉၅၄၉၈၊ ဒေါ်နီလာဝင်း ၁၂/မဂတ(နိုင်)၀၉၅၄၉၇တို့ (၆)ဦး၊ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကတိသစ္စာပြုလွှာ မှတ်ပုံတင်စာချုပ်အမှတ်-၁၂၀/၂၀၂၁နှင့် အိမ်နှင့်မြေကွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသည့် စာချုပ်မှတ်ပုံတင်စာချုပ်အမှတ် ၁၂၁/၂၀၂၁တို့အရ ချုပ်ဆို ကြေညာခဲ့ကြပါသည်။ ထိုသို့ချုပ်ဆိုကြေညာပြီးနောက် ဒေါ်မာမာအေး ပါ (၆)ဦးတို့က ၎င်းတို့၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး
မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ နဝဒေးလမ်း၊ ခြံအမှတ်(၉၈၃)ရှိ ခြံနှင့် နေအိမ်သည် မိသားစုအမွေဆိုင်ခြံမြေဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖခင်-ဦးဒေါ်ဆင်၏သား ဦးချစ်းဒေါ်ဆင် (ခ) ဦးစန်းသော် ၁၂/အစန(နိုင်)၂၂၆၃၃၂ နှင့် သမီးဖြစ်သူ ဒေါ်ဂျူလီယာနာဒေါ်ဆင် ၁၂/အစန(နိုင်)၁၆၅၀၈၀တို့ မသိရှိဘဲ အထက်ပါ အိမ်နှင့် ခြံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ရန် ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာခိုင် LL.B
အထက်တန်းရှေ့နေ(စဉ်-၅၂၅၁၄)
၂/A-485၊ မုဒိတာအိမ်ရာ၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၂၀၀၄၇၂၃၆**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ် ၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ မျှော်လင့်(၁)လမ်းမကြီး၊ အမှတ်(၁၄၀)နေ ဒေါ်ပြည့်ပြည့်အောင် ၁၀/မလမ(နိုင်)၂၂၃၈၆၁၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ မျှော်လင့်(၁)လမ်းမကြီး၊ အမှတ်(၆၉၊ မြေအကျယ်)၊ အလျား ပေ၃၀ x အနံ ပေ၆၀ရှိ တစ်ထပ်နေအိမ်တစ်လုံးနှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ မျှော်လင့် (၁)လမ်းမကြီး၊ အမှတ်(၁၄၀)၊ မြေအကျယ် အလျားပေ ၃၀xအနံပေ ၆၀ရှိ နှစ်ထပ်တိုက် နေအိမ်တစ်လုံးတို့အား ၃-၁၁-၂၀၂၂ရက်က မိသားစုအမွေစီမံခန့်ခွဲပေးခြင်းကတိစာချုပ်ဖြင့် မိခင်ဒေါ်စန်းစန်းဝင်း ၁၀/မလမ(နိုင်)၀၉၃၀၄၆မှ သမီးအရင်းများဖြစ်ကြသည့် ဒေါ်မော်မော်ဦး ၁၀/မလမ(နိုင်)၁၆၁၉၉၈နှင့် ဒေါ်ပြည့်ပြည့်အောင် ၁၀/မလမ(နိုင်)၂၂၃၈၆၁တို့အား ချစ်ခြင်းမေတ္တာဖြင့် အညီအမျှခွဲဝေကာ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုမိသားစုစီမံခန့်ခွဲပေးခြင်း ကတိစာချုပ်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေရရှိထားသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ မျှော်လင့်(၁)လမ်းမကြီး၊ အမှတ်(၁၄၀)၊ မြေအကျယ် အလျားပေ၃၀x အနံပေ၆၀ရှိ နှစ်ထပ်တိုက် နေအိမ်တစ်လုံးအား ကျွန်ုပ်၏မိတ်ဆွေ တရားဝင်ခွင့်ပြုချက်မရှိဘဲ အမည်ပေါက်ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းနှင့် လွှဲပြောင်းခြင်း၊ အခြားသောကိစ္စရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ မပြုလုပ်ရန် တားမြစ်လိုက်သည်။ ထိုသို့ပြုလုပ်သူအား တွေ့ရှိပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်ပြည့်ပြည့်အောင် | ဒေါ်သန္တာထွေး (LL.B) |
| ၁၀/မလမ(နိုင်)၂၂၃၈၆၁ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၇၀) |
| | အမှတ်(၁၄၄၄)၊ အောင်သပြေ(၂)လမ်း၊ ဇေယျာ(၂) |
| | ရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၉-၄၂၅၂၉၉၃၄၀ |

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၂ခ)၊ ဦးပိုင်အမှတ်(၇/၄)၊ မြေဧရိယာ ၀ ဒသမ ၁၇၇ဧကရှိ မြေကွက်သည် မူလက ဦးဒွေ့နော်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၂၃၆/V၁၉၉၅-၁၉၉၆အရ ၂၄-၁၁-၂၀၁၀ ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးဒွေ့နော်သည် ၁၁-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ယော်ဝမ်းက ၅-၁၀-၂၀၂၂ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၃၂/၂၀၂၂)အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါဒေါ်ယော်ဝမ်း ၁/မကန (နိုင်)၁၂၁၂၉၈ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဦးသန်းမြင့်)- ဒေါ်ခင်အေးတို့၏သား မောင်ဇော်ထူး ၁၂/လမန(နိုင်)၁၂၈၆၇၉ သည် မိဘများ၏ ဆိုဆုံးမမှုအား နာခံမှုမရှိပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ခင်အေး**

# မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ တိသတည်းခိုဆောင်အား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၊ ရင်ပြင်တော်စခန်းရှိ တိသတည်းခိုဆောင်အား ငှားရမ်းမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်မည်သူမဆို အိတ်ဖွင့်တင်ဒါ(Open Tender)လျှောက်လွှာတင်သွင်းနိုင်ကြောင်း ပထမအကြိမ် ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက်** - ၁၅-၁၁-၂၀၂၂ရက်

(ခ) **တင်ဒါပုံစံစတင်ရယူနိုင်သည့်နေရာ** - ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာကြေး** - ၅၀၀၀၀/

(ဃ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၁-၂၀၂၂ရက် (တနင်္လာနေ့) (၁၆:၀၀)နာရီ

(င) **တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန်** - ၁-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) ၁၀:၀၀နာရီ

(စ) **တင်ဒါဖွင့်ဖောက်မည့်နေရာ** - မြို့နယ်ခန်းမ၊ ကျိုက်ထိုမြို့

၃။ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး၊ ဖုန်း-၀၉-၈၉၉၃၉၈၇၂၈ သို့ ရုံးချိန်အတွင်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ
တိသဆောင်အငှားချထားရေး**

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)
မန္တလေးခရိုင်တရားရုံး
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၄၂**

| | | |
|---|---|---|
| ဦးသိန်းထွန်း | နှင့် | ၁။ချဟာဘီလ်ဒတ္တ |
| | | ၂။ဦးဝင်းမြင့်အောင် |
| | | ၃။ဒေါ်စန္ဒာဝင်း |
| | | ၄။ဦးအောင်ထွန်း |
| | | ၅။ဒေါ်နန်းအေးမွေ |
| | | ၆။ဦးစိုင်းထွန်း |
| | | ၇။ ဒေါ်အေးနုလွင် |
| တရားလို | | တရားပြိုင်များ |

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၁လမ်း၊ (၈၂x၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်(၁၅၈) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးမင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
အောင်မြေသာစံခရိုင်တရားရုံး**

## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
ဘားအံမြို့နယ်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉**

| | | |
|---|---|---|
| ဒေါ်ခင်ဝင်းချို | **နှင့်** | ဦးထွန်းသန်းဦး |
| **တရားလို** | | **တရားပြိုင်** |

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် ၁၄၈၊ ကျန်စစ်သားလမ်း၊ ရတနာဒီပ၊ အမှတ်(၉)ရပ်ကွက်နေတရားပြိုင် ဦးထွန်းသန်းဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ဝင်းချိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၃ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မိုးမိုးသူဇာသင်း)
ဒုတိယမြို့နယ်တရားသူကြီး
ဘားအံမြို့နယ်တရားရုံး**

## ပြင်ဆင်မှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၂၀ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅၇၅**

| | | |
|---|---|---|
| ဒေါ်အေးပိုင် | **နှင့်** | ကိုဦး(ခ)ညွှန့်လေးဦး |
| လျှောက်ထားသူ | | လျှောက်ထားခံရသူ |

၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၇ရက်စွဲပါ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၉ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၁၂၈ ၏စီရင်ချက်နှင့်ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ကိုဦး(ခ) ညွှန့်လေးဦး၊ အုပ်ရှင်းကြီးရွာ၊ အရာတော်မြို့နယ်၊ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ)သိစေရမည်။

ဤအမှုတွင် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့်ထုံးပုံကျအပြီးသတ်အမိန့် မှပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးကျော်စိုးအောင်၊ ဦးဝေလင်းထွန်း၊ ဦးဇော်ထူးအောင် တို့ကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ရက်၊ နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေကဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန်ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖတ်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ်၊ အောက်တိုဘာ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(နန္ဒာသိန်း)**

**လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1I/4220 Toyota Crown JZS175 SALOON (4x2)R ယာဉ်လက်ဝယ်ရှိသူဦးစန်းလွင် ၉/မနမ(နိုင်)၀၆၀၆၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်78W/19358 Honda CLICK 150 ယာဉ်လက်ဝယ်ရှိသူJiafa Group Co.,Ltd ၃၃x၈၁လမ်း၊ ချမ်းအေးသာစံမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၇၁၈)၊ (၄၀x၆၀)ပေရှိမြေသည် ဦးတင်စိုး(စက်မှုလက်မှု)အမည်ဖြင့် မြေပေးမိန့်ရရှိထားပြီး ၎င်းပိုင်ဆိုင်မှု မြေကွက်၏ အထောက်အထားများသည် ပျောက်ပျက်သွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ဦးအောင်စိုးမှ ပျောက်ဆုံးသွားကြောင်း ကတိသစ္စာပြုလွှာ၊ မြေခွန်ပြေစာမိတ္တူများ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့နှင့်အတူ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**ခရိုင်အထွေထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေကွက် အမှတ်(M/020)၊ အလျား(၈၀)၊ အနံ(၆၀)ပေရှိမြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှိုင်ဖြိုးအိ (ဘ)ဦးရွှေဘို ၉/စကတ(နိုင်)၀၇၇၀၃၉ မှ ၎င်းသာလျှင် လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏တစ်စိတ်တစ်ဒေသကဖြစ်သော ငွေတစ်ချို့အား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများ၊ တရားရုံးအမိန့် ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမတစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးမြတ်ဖြူ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၀၅၀၂)
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၂၅၁၀၈၆၆၁၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/8281 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/5301 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းနေရာ (လစာနှုန်း၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ |
|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၆) နေရာ |
| (ခ) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၁) နေရာ |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၀-၁၁-၂၀၂၂) ရက်နေ့တွင် အသက် (၂၈)နှစ်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းသဘာဝအရ ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးသူဖြစ်ရမည်။
(စ) ဌာနတွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာပုံစံများအား မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ခရိုင်ရုံးများ(အောင်မြေသာစံ၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ ညောင်ဦး၊မိတ္ထီလာ)၊မတ္တရာမြို့နယ်ရုံးနှင့် ECD Mandalay Region Facebook Page တို့တွင်ရယူနိုင်ပြီးလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများ ပူးတွဲလျက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးသို့ လိပ်မူ၍ (၂-၁၂-၂၀၂၂) (သောကြာနေ့)ရုံးချိန်အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်-
(က) တစ်လအတွင်း ရိုက်ကူးထားသော (၁)လက်မပတ်လည်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(င) (၁)လအတွင်းရယူထားသောအကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် (၁)လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း
(ဆ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးသည့် အထောက်အထားမိတ္တူ
(ဇ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)မိတ္တူ

၄။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများနှင့် မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးတို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် မြန်မာစာ၊အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်များကို (၁၈-၁၂-၂၀၂၂) ရက်နေ့ (တနင်္ဂနွေနေ့)တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက် ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေ စာမေးပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။ ဖြေဆိုခွင့်ကတ်ပြားများကို (၁၆-၁၂-၂၀၂၂) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ သတ်မှတ်ရက်အရောက် ပေးပို့လာသော်လည်း မပြည့်မစုံ လျှောက်ထားသူများ၊ အချက်အလက်မှားယွင်းဖြည့်သွင်းလျှောက်ထားသူများအား ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်းနှင့်ရေးဖြေစာမေးပွဲဖြေဆိုသည့်နေ့တွင် အခြေခံပညာအထက်တန်း အောင်လက်မှတ်မူရင်းနှင့် ဘွဲ့လက်မှတ်မူရင်းပါရှိမလာသူများကိုလည်း ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တယ်လီဖုန်းအမှတ်-၀၂-၄၀၅၆၀၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ မသင်းသင်းနွယ် ၅/မရန(နိုင်)၂၉၅၇၈၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၅၄၃၃၂၀၀

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ ဗိုလ်ကြီးထက်အောင် (ကိုယ်ပိုင်အမှတ် ၅၁၂၉၀)၊ ၆/ကသန(နိုင်)၀၃၈၆၉၂ (ဘ) ဦးကျင်စိန် အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(B) ၂၁၉၆ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အိရွှေစင် ၁၂/ဒဂန(နိုင်)၀၃၀၇၉၁ (ဘ)ဦးထူးမောင် မှတရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ ဗိုလ်ကြီးထက်အောင်သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ချောင်းအုပ်စု၊ စည်သာကျေးရွာ၊ အမှတ် ၅၄နေ ဦးငွန်ဇာလ် ၄/ဖလန(နိုင်)၀၀၇၃၃၈ နှင့် ဒေါ်လျန်ကြာ ၄/ဖလန(နိုင်)၀၀၇၂၆၄ တို့၏သား မောင်ရှုန်လန်အုပ် ၄/ဖလန(နိုင်)၀၄၃၇၃၀ သည် မိဘတို့၏ သွန်သင်ဆုံးမမှုကို နားထောင်ခြင်းမရှိဘဲ မိဘဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ပြီး ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးငွန်ဇာလ်၊ ဒေါ်လျန်ကြာတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လင်းဖောင်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၄၈၆)**
**၁၇၃၊သန္တာလမ်း၊ ၅/၆၊ ရွှေပြည်သာမြို့နယ်**
**ဖုန်း-၀၉-၇၇၂၇၇၄၄၁၂**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်သန်းထိုက်၅/ယမပ(နိုင်)၁၅၂၇၆၁ ၏နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၁၀၁၀၄**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ မငွမ်းပုံ ၅/ယမပ(နိုင်) ၁၃၆၇၃၆၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၀၀၂၉၃၈

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ဝေယံစိုး၅/ပလဘ(နိုင်)၁၀၄၄၃၁၏နိုင်ငံကူးလက်မှတ်နံ ပါတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၆၀၀၂၉၃၈**

---

**ဖခင်အမည်မှန်**

ဖောင်းပြင်မြို့၊ အထက၊ (G-8) တန်းမှ မောင်အောင်ကိုချစ်၏ဖခင်အမည်မှန်မှာ ဦးဇော်ခိုင် ၅/ဖပန(နိုင်) ၀၅၇၁၀၀ ဖြစ်ပါကြောင်း။

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/1695 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရှာသာကြီး)**

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်းသစ်လုံး/ သစ်မာသစ်လုံး/ ကျွန်းခွဲသားများကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၁၁-၂၀၂၂ရက်၊နံနက်(၉:၀၀)နာရီ
- ရန်ကုန်(ကျွန်းသစ်လုံး)(၁၀၀၀)တန်ခန့်
- သစ်မာသစ်လုံး(နယ်)(၂၃၅၅)တန်ခန့်
